# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အနှောင်အဖွဲ့မရှိ**

ချစ်သောသူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသောသူတို့နှင့်လည်း တစ်ရံတစ်ဆစ်မျှ မပေါင်းဖော်ပါလင့်။ ချစ်သောသူတို့ကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏။ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။ (ချစ်ခြင်း၊ မုန်းခြင်းမရှိသောသူတို့အား အနှောင်အဖွဲ့တို့ မရှိကြကုန်)

ပီယဝဂ်(ဓမ္မပဒ-၂၁၀)


၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 2 December 2016 (၈၇၆၃)





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ Jurong East ၌ စင်ကာပူရောက် မြန်မာအသိုက်အဝန်းအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

# သားသမီးများကို မိမိနိုင်ငံအပေါ် မေ့လျော့မသွားစေရန်၊ နိုင်ငံချစ်စိတ်ဖြင့်ပြုစုပျိုးထောင်ကြရန် စင်ကာပူရောက် မြန်မာများအား မှာကြား

စင်ကာပူ ဒီဇင်ဘာ ၁

**စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် ယနေ့နံနက် ၈ နာရီတွင် ခေတ္တတည်းခိုရာ ရှန်ဂရီလာဟိုတယ်၌ စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်ထောင်နှင့် အလုပ်သဘော နံနက်စာစားပွဲတွင် လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန်ဘာလာ ကရစ်ရှ်နန်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာတို့လည်း တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူအမျိုးသားသစ်ခွဥယျာဉ်သို့ ရောက်ရှိကြပြီး သစ်ခွအမည်ပေးအခမ်းအနားသို့ တက်ရောက်ရာ အမျိုးသားသစ်ခွဥယျာဉ် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက သစ်ခွဥယျာဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အမျိုးသားသစ်ခွဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ သစ်ခွမျိုးစိတ်သစ်၏ ဂုဏ်ပြုအမည်မှာ Papilionanda Aung San Suu Kyi ဖြစ်ပြီး စင်ကာပူနိုင်ငံသို့ အလည်အပတ်လာရောက်ကြသည့် နိုင်ငံခေါင်းဆောင်များအား

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## မြန်မာ-စင်ကာပူ သာမန်နိုင်ငံကူးလက်မှတ် ဗီဇာကင်းလွတ်ခွင့် စတင်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုရေး သံတမန်စာချွန်လွှာသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ အသက်ဝင်ပြီ ဖြစ်သဖြင့် နှစ်နိုင်ငံသာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအနေဖြင့် ရက်ပေါင်း (၃၀)ထက် မကျော်လွန်စေဘဲ နေထိုင်ခွင့်နှင့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများ အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း

စာမျက်နှာ » ၉




# ကြေးမုံ

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ထိရောက်စွာအကောင်အထည်ဖော်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်း ချေးငွေရယူရန်နှင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဂျပန်ယန်း ၉၃၉၇၀ သန်း ချေးယူရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါချေးငွေများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုများကိုရယူကာ ကြိုးပမ်းဆောင်ရွက်မည့် အစီအစဉ်ကောင်းများဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများဖြစ်သည်။

ကိုရီးယားနိုင်ငံမှချေးငွေသည် သက်သာသောချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၅ နှစ်အပါအဝင် စုစုပေါင်း နှစ် ၄၀ ဖွံ့ဖြိုးမှုချေးငွေဖြစ်သည်။ အဆိုပါချေးငွေသည် တံ့တေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးသောငွေဖြစ်ပြီး သက်ဆိုင်ရာဌာနက စီမံကိန်းချေးငွေဆိုင်းငံ့ကာလအတွင်း တံ့တေးတူးမြောင်းစီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး တူးမြောင်းဖွံ့ဖြိုးတိုးတက်မှုမှ ပြန်လည်ရငွေများကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်း၍ အချိန်မီပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

ဂျပန်နိုင်ငံမှ ချေးငွေများသည် ဆိုင်းငံ့ကာလအပါအဝင် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ နှစ် ၄၀ ဖြစ်သည်။ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး လယ်ယာကဏ္ဍနှင့်ကျေးလက်ဒေသဖွံ့ ဖြိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသနှင့် မြို့ပြဒေသများ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီဘဏ်လုပ်ငန်းဖြင့် နိုင်ငံ့စီးပွားတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုစေမည့် စီမံကိန်းများဖြစ်သည်။

ထို့အပြင် လမ်းတံတားများဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှု စီမံကန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပြီး မမျှော်မှန်းနိုင်သော စရိတ်မပါချေးငွေများကိုရယူ၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသောကျေးရွာများ ဓာတ်အားရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများလည်းပါဝင်ပြီး စီမံကိန်းလုပ်ငန်းများကို ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကုန်စည်နှင့်ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်လာမည်ဖြစ်သည်။

မျက်မှောက်ကာလကဲ့သို့ စိန်ခေါ်မှုများစွာကြုံတွေ့နေရသော အချိန်တွင် အစိုးရသစ်အနေဖြင့် ထိုစိန်ခေါ်မှုများကို ကျော်လွှားလွန်မြောက်ပြီး နိုင်ငံနှင့်ပြည်သူဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိတ်ဆွေနိုင်ငံများ၏ အကူအညီချေးငွေများနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် ထူးခြားသည့်အခွင့်အလမ်းကောင်းများ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ရရှိလာသည့်အခွင့်အလမ်းကောင်းများကို ထိထိရောက်ရောက် အသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ရာ သက်ဆိုင်ရာဌာနများအနေဖြင့် နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားကိုရှေးရှု၍ စီမံကိန်းများအောင်မြင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

## ၂၀၂၅ အာဆီယံ လူမှုရေးယဉ်ကျေးမှုအသိုက်အဝန်း မျှော်မှန်းချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ အာဆီယံလူမှုရေး ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီမှ ကြီးမှူးကျင်းပသည့် ၂၀၂၅ အာဆီယံ လူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်း မျှော်မှန်းချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်)အဆောင်(ယ)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံ လူမှုရေးယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံ လူမှုရေးယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်အနေဖြင့် ပြည်သူများ၏ ချမ်းသာသုခရရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သက်သာချောင်ချိရေးဆိုင်ရာ သဟဇာတဖြစ်စေခြင်းကို ရှေးရှုသော စာနာထောက်ထား၍ မျှဝေခံစားနိုင်သည့် လူမှုအဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးကို ပိုမိုအလေးထားသော မဏ္ဍိုင်ဖြစ်ကြောင်း၊ တူညီသည့်စရိုက်လက္ခဏာများကို တိုးတက်ဖြစ်ထွန်းစေခြင်းဖြင့် အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်း၏ အဓိကပန်းတိုင်ဖြစ်သော အာဆီယံဒေသရှိ နိုင်ငံများနှင့် ပြည်သူများအကြား စည်းလုံးညီညွတ်မှု အဝန်းရှည်တည်တံ့ခိုင်မြဲစေမည်ဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီးက မျှော်မှန်းထားသည့် ၂၀၂၅ ခုနှစ်မှာ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူတို့ အကျိုးဖြစ်ထွန်းစေမည့် ပြည်သူများ ပါဝင်ပတ်သက်မှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ခံနိုင်ရည်ပြည့်ဝသည့် သွက်လက်တက်ကြွသော အသိုက်အဝန်း ဖြစ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းအစီအစဉ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ဘာသာရပ်ဆိုင်ရာများ ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာဆီယံလူမှုရေးယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အတွင်းရေးမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းက ဆက်စပ်ဝန်ကြီးဌာနများ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးခြင်းအပြင် အဂတိလိုက်စားမှုမရှိစေရန် သတင်းပေးသူနှင့် ဖမ်းဆီးပေးသူကို ဆုကြေးတိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁**

အကောက်ခွန်မဲ့ပစ္စည်းများ တင်သွင်းလာမှုကို ဖမ်းဆီးစစ်ဆေးအရေးယူခြင်းအပြင် အဂတိလိုက်စားမှုနှင့် တရားမဝင်ကုန်စည်များ ကူးသန်းရောင်းဝယ်မှုမရှိစေရန် သတင်းပေးသူနှင့် ဖမ်းဆီးပေးသူကို ဆုကြေးတိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စစ်ဆေးရေးအဖွဲ့ ၁၅ ဖွဲ့အပြင် အထူးကင်းအဖွဲ့များဖြင့် အကောက်ခွန်မဲ့ပစ္စည်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ အဓိက လမ်းကြောင်းများဖြစ်သည့် နယ်စပ်ဝင်ပေါက်များတွင် ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရရှိမှုများကို နိုင်ငံတော်ပိုင် သိမ်းဆည်းဆောင်ရွက်ပြီး သတင်းပေးသူနှင့် ဖမ်းဆီးပေးသူကိုလည်း ဆုကြေးအဖြစ် ချီးမြှင့်ပေးမှုများရှိကြောင်း အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ပြောသည်။

"တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းတွေကို Mobile Team အဖွဲ့ ဖြုတ်သိမ်းပြီးနောက်ပိုင်း အကောက်ခွန်ဌာနကနေ ဆက်လက်ဆောင်ရွက်မယ့် အစီအမံတွေကို အစိုးရအဖွဲ့အထိ တင်ပြထားပါတယ်။ အထူးကင်းအဖွဲ့တွေနဲ့ စီမံချက်ချမှတ်ပြီး နယ်မြေအလိုက် တားဆီးဖမ်းဆီးမှုတွေလုပ်ဖို့ရှိပါတယ်။ ဖမ်းဆီးရရှိမှုတွေကို နိုင်ငံတော်ပိုင်အဖြစ် လွှဲပြောင်းပေးပါတယ်။ သတင်းပေးသူနဲ့ ဖမ်းဆီးပေးသူကို လာဘ်ပေးလာဘ်ယူပပျောက်အောင်နဲ့ အဂတိလိုက်စားမှုမရှိဘဲ တရားဝင်ကုန်သွယ်မှုကို အားပေးတဲ့သဘောဖြစ်အောင် ဆုကြေးပေးတာရှိပါတယ်။ သတင်းပေးသူကို ဖမ်းဆီးရမိတဲ့ပစ္စည်းရဲ့ ၁၀ ရာခိုင်နှုန်း၊ ဖမ်းဆီးပေးသူကို ၁၀ ရာခိုင်နှုန်း ပြန်လည်ချီးမြှင့်တာရှိပါတယ်။ အဂတိလိုက်စားမှုတွေ ပပျောက်အောင် အဲဒီဆုကြေးကိုလည်း ပြင်ဆင်ဖို့တင်ပြထားပါတယ်။ သတင်းပေးသူကို ဖမ်းဆီးရမိတဲ့ ကုန်ပစ္စည်းရဲ့ ၂၀ ရာခိုင်နှုန်း၊ ဖမ်းဆီးပေးသူကို ၃၀ ရာခိုင်နှုန်းနဲ့ ကျန် ၅၀ ရာခိုင်နှုန်းကို နိုင်ငံတော်ကို ပေးအပ်ဖို့ပါ" ဟု ဦးစန်းလွင်က အကောက်ခွန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ထည့်သွင်းဖြေကြားသွားခဲ့သည်။

ယခုနှစ် ဧပြီမှ လက်ရှိအထိ အကောက်ခွန်မဲ့ပစ္စည်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အဖွဲ့ ၁၅ ဖွဲ့မှ ဖမ်းဆီးရရှိမှုမှာ အမှုပေါင်း ၅၀၀ ကျော်ဖြစ်ပြီး ကျပ်သန်းပေါင်း ၄၆၀၀ ကျော်ဖြစ်ကြောင်း၊ ယင်းတွင် လေဆိပ်၊ ဆိပ်ကမ်းများမှ ဖမ်းဆီးရရှိမှုများ မပါဝင်သေးသော ပမာဏဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(ဆုနှင်းလဲ့)**

## ဝါးခယ်မတွင် ဆောင်းသီးနှံစိုက်ပျိုးသော တောင်သူလယ်သမားများအတွက် ဘဏ်ချေးငွေသိန်း ၁၃၆၅၀၀ ထုတ်ချေးနိုင်ရန် စီစဉ်

**ဝါးခယ်မ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးမည့် စုစုပေါင်းကျေးရွာအုပ်စု ၁၂၁ အုပ်စု၊ တောင်သူဦးရေ ၂၀၅၀၀ ၏ စပါးစိုက်ပျိုးဧက ၈၉၀၀၀၊ ပဲစိုက်ပျိုးဧက ၁၅၀၀၀ အတွက် ဘဏ်ချေးငွေကျပ်သိန်း ၁၃၆၅၀၀ ကိုထုတ်ချေးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မဘဏ်ခွဲမှ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးသော တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ဘဏ်ချေးငွေကို စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်း၊ ပဲတစ်ဧကလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဦးကျော်ဆွေနှင့် ဝန်ထမ်းများက ဘဏ်ချေးငွေညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီး ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ ဘဏ်ချေးငွေ ထုတ်ချေးမှုကို အောက်တိုဘာ ၂၇ ရက်မှစကာ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ အစုအဖွဲ့ ၂၃၀၄ စု၊ တောင်သူဦးရေ ၆၄၈၂ ဦး၏ စပါးစိုက်ပျိုးဧက ၃၂၃၂၁ ဧက၊ ပဲစိုက်ပျိုးဧက ၉၈၉ ဧကအတွက် ဘဏ်ချေးငွေကျပ် ၄၈၆၇၉၃၀၀၀၀ အား ထုတ်ချေးပြီးဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် ကျွန်းဒိတ်၊ ကံကွင်း၊ မောင်းဒီးကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများအတွက် ဘဏ်ချေးငွေကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဘီ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်တွင်းရေးရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံရှိ မြန်မာ့ရှေးဟောင်းရတနာများပြခန်း၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**○ ရှေ့ဖုံးမှ**

ဂုဏ်ပြုသောအားဖြင့် သစ်ခွပန်းများအား အမှတ်တရအမည်ပေး စိုက်ပျိုးထိန်းသိမ်းမှုကို ၁၉၅၆ ခုနှစ်မှစတင်ပြီး National Orchid Garden တွင် အစဉ်အလာတစ်ရပ်အဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် သမ္မတအိမ်တော်သို့ ရောက်ရှိကြပြီး စင်ကာပူနိုင်ငံ ခေတ္တသမ္မတ မစ္စတာ ဂျိုးဆက်ပ် ယူဗာရတ်ဂ်ျ ပီးလေးနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူဦးရေနှင့် စီးပွားရေးအခြေအနေနှင့် ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်လာစေရေး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Papilionanda Aung San Suu Kyi အမည်ရ သစ်ခွမျိုးစိတ်သစ်နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီး မစ္စတာ တိုချီဟင်းနက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ အကျင့်ပျက်လာဘ်စားမှု စုံစမ်းစစ်ဆေးရေးဌာနသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး မစ္စတာ ဝုန်ဟုန်ကွမ်နှင့် တာဝန်ရှိသူများက အဆိုပါဌာန၏ ဖွဲ့စည်းပုံနှင့် နောက်ခံသမိုင်းကြောင်း၊ လုပ်ငန်းဆောင်ရွက်ချက်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို မေးမြန်းသည်။

စင်ကာပူနိုင်ငံ အစိုးရအဖွဲ့နှင့် အစိုးရရုံးများသည် ပွင့်လင်းမြင်သာမှုရှိပြီး အဂတိလိုက်စားမှုတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ Transparency International ၏ ၂၀၁၅ ခုနှစ် စစ်တမ်းအရ နိုင်ငံပေါင်း ၁၈၆ နိုင်ငံတွင် စင်ကာပူနိုင်ငံမှ အဆင့်(၈) နေရာတွင်ရှိသည့်အတွက် အဂတိလိုက်စားမှု အနည်းဆုံး နိုင်ငံဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံတွင် အဂတိလိုက်စားမှုများမှာ အဖွဲ့အစည်းပုံစံမဟုတ်ဘဲ သီးခြားအဖြစ်အပျက်များအနေဖြင့်သာတွေ့ရကြောင်း၊ တိုင်ကြားမှုများ၏ ၇၅ ရာခိုင်နှုန်းမှာ တစ်သီးပုဂ္ဂလတိုင်ကြားမှုများဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း တိုင်ကြားမှု ၁၁ မှုသာ ရှိကြောင်း၊ စင်ကာပူနိုင်ငံတွင် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် ထိရောက်အောင်မြင်မှုမှာ အစိုးရ၏ ထိရောက်စွာ အရေးယူကိုင်တွယ်ခြင်း၊ ထိရောက်သည့်ဥပဒေရှိပြီး ဥပဒေကို တိကျစွာလိုက်နာကျင့်သုံးမှုရှိခြင်း၊ လွတ်လပ်သော တရားစီရင်မှုရှိခြင်းနှင့် ပြည်သူများက ပူးပေါင်းပါဝင်မှုရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည်Singapore's Asian Civilization Museum သို့ ရောက်ရှိကြပြီး မြို့တော်များနှင့် ဘုရင်များ "မြန်မာနိုင်ငံမှ ရှေးဟောင်းရတနာများ" ပြခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Singapore's Asian Civilization Museum မှ ဒါရိုက်တာဖြစ်သူ မစ္စတာ ကင်န်နီတင်၊ စင်ကာပူနိုင်ငံ လူမှုအသိုက်အဝန်း၊ ယဉ်ကျေးမှုနှင့် လူငယ်ရေးရာဝန်ကြီး မစ္စစ် ဂရေ့စ်ဖူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့သည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဗီနိုင်းပေါ်တွင် လက်မှတ်ရေးထိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာသံအမတ်ကြီး ဦးဌေးအောင်က စင်ကာပူနိုင်ငံရှိ မြန်မာသံရုံး၏ သမိုင်းကြောင်းနှင့် လက်ရှိအချိန်အထိ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများ၊ စင်ကာပူရောက် မြန်မာနိုင်ငံသား အလုပ်သမားများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင် တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Jurong East သို့ ရောက်ရှိကြပြီး စင်ကာပူနိုင်ငံရောက် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့သည့် ရွေးကောက်ပွဲကာလ၌ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံသားများ၏ တာဝန်ကျေပွန်မှု၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိအစိုးရ၏ မူဝါဒနှင့် လုပ်ငန်းရည်ရွယ်ချက်များတွင် အဓိကကျသည့် အချက်ကြီးနှစ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း ။

ပြည်သူပြည်သားများ တစ်ယောက်ချင်းစီ၏ အင်အားများသည် မိမိနိုင်ငံ၏ စွမ်းအားဖြစ်သည့်အတွက် မိမိကိုယ်ကို အင်အားရှိအောင် ကြိုးပမ်းစေလိုကြောင်း၊ ကိုယ့်ကိုယ်ကိုယ် မှန်ကန်သည့်အရည်အချင်းဖြင့် တိုးတက်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိရောက်ရှိနေသည့် နိုင်ငံပေါ်မူတည်၍ အကောင်းဆုံးသော အခြေအနေကောင်းများ ရယူပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့မွေးမြူထားသည့် သားသမီးများကို မိမိနိုင်ငံအပေါ် မေ့လျော့မသွားစေရန်၊ နိုင်ငံချစ်စိတ်ဖြင့် ပြုစုပျိုးထောင်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း ။

သမိုင်းတစ်လျှောက်လုံးတွင် ညီညီညွတ်ညွတ်ဆောင်ရွက်ခဲ့သည့်ကိစ္စတိုင်း၌ အောင်မြင်မှုရရှိခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းပူးပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကိုယ်စား မြန်မာကလပ် (စင်ကာပူ) ဥက္ကဋ္ဌ ဒေါက်တာမြတ်မော်ထွန်းက မေးခွန်းများကို မေးမြန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမောင်ဝေ သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်ဝေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ်မူခါဂျီးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## အမေရိကန်ပြည်ထောင်စုဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းအား ပနားမားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပနားမားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူ ခေတ္တသမ္မတ ဂျိုးဆက်ပ် ယူဗာရတ်ဂ်ျ ပီးလေးတို့ သမ္မတအိမ်တော်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်ထောင်တို့ ရှန်ဂရီလာဟိုတယ်၌ အလုပ်သဘောနံနက်စာစားပွဲတွင် တွေ့ဆုံဆွေးနွေးစဉ်။(သတင်းစဉ်)

# ကမ္ဘာ့အသက်အကြီးဆုံး အီတလီအမျိုးသမီးကြီး၏ (၁၁၇) နှစ်မြောက် မွေးနေ့ကျင်းပ



**ဗာဘာနီးယား(အီတလီ) ဒီဇင်ဘာ ၁**
ကမ္ဘာ့အသက်အကြီးဆုံးသက်ရှိပုဂ္ဂိုလ်အဖြစ်သတ်မှတ်ခံရသူ အီတလီအမျိုးသမီးကြီးအမ်မာမိုရာနို၏အသက် (၁၁၇) နှစ်မြောက်မွေးနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ၎င်းသည် ၁၈၀၀ ပြည့်လွန်နှစ်များက မွေးဖွားခဲ့သူဖြစ်ပြီး အဓိက အစာအာဟာရအဖြစ် ကြက်ဥနှစ်လုံးကို နေ့စဉ်အစိမ်းသောက်ဆဲဖြစ်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

မိုရာနိုအား ၁၈၉၉ ခုနှစ် နိုဝင်ဘာလတွင် မွေးဖွားခဲ့သည်။ ၎င်းအား မွေးဖွားခဲ့ချိန်မှာ ရိုက်ညီနောင်တို့ ကမ္ဘာ့ပထမဆုံးသော လေယာဉ်ကို စမ်းသပ်ပျံသန်းမှုမပြုလုပ်မီ လေးနှစ်ခန့်အလိုတွင် ဖြစ်သည်။

မိုရာနိုသည် ရာစုနှစ်သုံးစုကိုမီသူဖြစ်ပြီး ကမ္ဘာ့စစ်ကြီးနှစ်ခုနှင့်လည်း ကြုံတွေ့ခဲ့ရကာ ၎င်းအသက်ရှင်နေထိုင်သည့်ကာလအတွင်း အီတလီနိုင်ငံ၌ အစိုးရအဖွဲ့ပေါင်း ၉၀ ကျော်ကြုံဆုံခဲ့ဖူးသူဖြစ်သည်။

၎င်း၏မိတ်ဆွေများ၊ အိမ်နီးချင်းများ၊ မြေးမြစ်တီတွတ်များနှင့်အတူ ၎င်းနေထိုင်ရာ အီတလီနိုင်ငံမြောက်ပိုင်း မက်ဂရီရိုး ရေအိုင်ကြီး၏ကမ်းခြေ ဗာဘာနီးယားမြို့ရှိ တိုက်ခန်းကျဉ်းကလေးတွင် မွေးနေ့ပွဲကိုကျင်းပခဲ့သည်။ မွေးနေ့အထိမ်းအမှတ်အဖြစ် အဖြူရောင်မွေးနေ့ကိတ်မုန့်ကြီးတစ်လုံးကို လှီးခဲ့သည်။

စက်ရုံတစ်ရုံတွင် မိမိအသက် (၆၅) နှစ်အရွယ်အထိ အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ မိမိ၏ဘဝသည် ထင်သလောက်သာယာလှပမှုမရှိခဲ့ကြောင်း အသက် (၁၁၇) နှစ်အရွယ်ရှိပြီဖြစ်သည့် အဘွားအိုက ရိုက်တာရုပ်မြင်သံကြားဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။ ဘီးတပ်လှည်းပေါ်ထိုင်ကာ ပဝါတစ်ထည်ကို ခြုံလွှမ်းရင်း သူ့ဘဝဇာတ်ကြောင်းကို ပြောပြခဲ့သည်။

**ဆင်ဟွာ။**



## ထိုင်းအိမ်ရှေ့မင်းသားအား ဘုရင်အဖြစ် ကြေညာရန် ပြင်ဆင်

**ဗန်ကောက် ဒီဇင်ဘာ ၁**
ထိုင်းနိုင်ငံ၌ ပါလီမန်က အိမ်ရှေ့မင်းသားဝိဇယလောင်ကွန်းအား ဘုရင်သစ်အဖြစ် နန်းတက်ခြင်းကို အတည်ပြုပေးလိုက်ရာ ၎င်းအနေဖြင့် ဘုရင်အဖြစ် ကြေညာရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘုရင်ဘူမိဘော အဒူလျာဒတ်ဂျ်သည် အောက်တိုဘာ ၁၃ ရက်က ကံတော်ကုန်ခဲ့ပြီးနောက် တစ်လကျော်ကြာမြင့်ပြီးချိန်တွင် အိမ်ရှေ့မင်းသား ဝိဇယလောင်ကွန်းက ဘုရင်သစ်အဖြစ် နန်းမွေဆက်ခံနိုင်ရေးအတွက် ပါလီမန်အထူးအစည်းအဝေးကျင်းပခဲ့သည်။

ထိုင်းနိုင်ငံ၏အမျိုးသားဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ ပွန်းပက်ဝိချီချိုင်သည် အသက် (၆၄) နှစ်အရွယ်ရှိ အိမ်ရှေ့မင်းသား ဝိဇယလောင်ကွန်းအား ဒသမမြောက်ရာမဘုရင်အဖြစ် နန်းတက်ရန် တရားဝင်ဖိတ်ခေါ်ခဲ့သည်။

ထိုင်းနိုင်ငံ၏ရာစုနှစ် နှစ်စုသက်တမ်းရှိသော ချက်ကရီမင်းဆက်၏ ဒသမမြောက်ရာမဘုရင်မင်းမြတ်အဖြစ် စိုးစံတော်မူမည်ဖြစ်သည်။

**ရိုက်တာ။**

## ခရိုင်းမီးယားဒေသဝေဟင်ကို ရှောင်လွှဲကာ ဒုံးကျည်စမ်းသပ်မှုများ ယူကရိန်းပြုလုပ်မည်

**ကီယက် ဒီဇင်ဘာ ၁**
ယူကရိန်းနိုင်ငံသည် နှစ်ရက်ကြာမြင့်မည့် ဒုံးကျည်စမ်းသပ်မှုများကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ပြုလုပ်ကြောင်း၊ ဒုံးကျည်တပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုအတွင်း ခရိုင်းမီးယားဒေသ၏ လေကြောင်းပိုင်နက်ကို ရှောင်လွှဲကာ လေ့ကျင့်မည်ဖြစ်ကြောင်း ယူကရိန်းစစ်ဘက်က ပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားကျွန်းဆွယ်ကို ယင်း၏ ပိုင်နက်နယ်မြေအတွင်းသို့ ထည့်သွင်းခဲ့သော ရုရှားနိုင်ငံနှင့် ထိပ်တိုက် ရင်ဆိုင်တွေ့ခြင်းမရှိစေရန် ဒုံးကျည်စမ်းသပ်ပစ်ခတ်ရာတွင် ယင်းဒေသ၏ လေကြောင်းပိုင်နက်ကို ရှောင်လွှဲမည်ဖြစ်ကြောင်း ယူကရိန်း စစ်ဘက်အရာရှိတစ်ဦးဖြစ်သူ ဗလာဒီမာကရင် ကီယန်စကီးက ပြောကြားသည်။

ခရိုင်းမီးယားဒေသနှင့် နယ်စပ်ချင်း ထိစပ်နေသော ခါဆန်ဒေသ၌ ဒုံးကျည်တပ်ဖွဲ့၏ လေ့ကျင့်မှု ပြုလုပ်မည်ဆို၏။ ခါဆန်ဒေသသည် ယူကရိန်းနိုင်ငံ တောင်ပိုင်းတွင် တည်ရှိသည်။

စစ်ရေးလေ့ကျင့်မှု ပြုလုပ်သည့်နေရာမှာ ခရိုင်းမီးယားဒေသ ဝေဟင်ပိုင်နက်မှ ကီလိုမီတာ ၃၀ (၁၈ မိုင်)ထက်မနည်း ကွာဝေးသောနေရာတွင် တည်ရှိကြောင်း ၎င်းက ၁၁၂ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ယူကရိန်း၏ စစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံက ယင်း၏ တပ်ဖွဲ့များကို တပ်လှန့်ထားလိုက်ကြောင်း၊ ခရိုင်းမီးယားဒေသရှိ ကြည်းနှင့်ရေ အခြေပြု ကာကွယ်ရေး တပ်ဖွဲ့များကို တပ်လှန့်ထားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

## အလွဲသုံးစားမှုကြောင့် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ဟောင်းအား ထောင်ဒဏ်ချမှတ်



**ဖနောင်ပင် ဒီဇင်ဘာ ၁**
ငွေကြေးအလွဲသုံးစားလုပ်မှုကြောင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည့် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ဟောင်းတစ်ဦးအား ထောင်ဒဏ်ငါးနှစ်နှင့် ဒဏ်ငွေ ရီယယ် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၂၅၀၀ ) ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘောဒီးယား အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးဌာန၏ စုံစမ်းစစ်ဆေးမှုတစ်ရပ်နှင့် တိုင်ကြားချက်များကြောင့် ဧပြီလအတွင်း တရားစွဲဆိုခံခဲ့ရသူ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ဟောင်း စုဒီနာအတွက် အဆိုပါဆုံးဖြတ်ချက်ကို ဖနောင်ပင်မြူနီစီပယ် တရားရုံးမှ တရားသူကြီး ကော်ဗန်ဒီက ချမှတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်းနှင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန်ဖိုးရှိ ရွှေ ၁၂ ဒသမ ၇ ကီလိုဂရမ် ပိုင်ဆိုင်ကြောင်းတွေ့ရှိမှုကြောင့် အလွဲသုံးစားမှုလုပ်ပိုင်ခွင့်အလွဲသုံးစားမှုဖြင့် တရားစွဲဆိုခံထားရသည်။ အသက် (၄၅) နှစ်အရွယ်ရှိ ဒီနာမှာ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်အဖြစ် နှစ်နှစ်နှင့် တစ်လကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

တရားရုံးက သူ၏အမှုအား နိုဝင်ဘာ ၄ ရက်တွင် ကြားနာခဲ့သော်လည်း ဆုံးဖြတ်ချက်ကို ယနေ့အထိ ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပေ။

**ကျိုဒိုနယူးစ်။**

## ဂျပန်နိုင်ငံ၏ အာကာသခရီးသွားလုပ်ငန်းအတွက် ကုမ္ပဏီနှစ်ခု ရင်းနှီးမြှုပ်နှံမည်

**ကျိုတို ဒီဇင်ဘာ ၁**
ဂျပန်လေကြောင်း ANA ဦးပိုင်နှင့် ခရီးသွားအေဂျင်စီတစ်ခုဖြစ်သည့် HISတို့သည် အာကာသခရီးသွားလုပ်ငန်းတစ်ခုအတွက် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါကုမ္ပဏီနှစ်ခုတို့သည် အမေရိကန်ဒေါ်လာ လေးသိန်း လေးသောင်းခန့် ရင်းနှီးကာ ခရီးသည်ပို့ဆောင်ရေး အာကာသယာဉ်တစ်စင်း တည်ဆောက်ရန် PD အာကာသယာဉ်တည်ဆောက်ရေးကုမ္ပဏီသို့ အကူအညီ တောင်းခံမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်မှစပြီး အာကာသသို့ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းစတင်လည်ပတ်နိုင်မည် ဖြစ်သည်ဟု ၎င်းကုမ္ပဏီနှစ်ခုက မျှော်လင့်ကြောင်း ဆိုသည်။ အာကာသသို့ ခရီးသွားမည့် ခရီးသည်တစ်ဦးသည် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ဝန်းကျင်ကုန်ကျမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေ ပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါနည်းဥပဒေနှင့်အညီစိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့်မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်း တင်သွင်းဆွေးနွေးနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာခဲ့သည်။

အဆိုတင်သွင်းစဉ် ဦးထွန်းဝေက သစ်ကုမ္ပဏီများသည် စိုက်ပျိုးရေးကို အကြောင်းပြ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လျှောက်ထားပါကြောင်း၊ လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီများသည် ရာနှုန်းပြည့်ပြီးစီးသည်အထိ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်သွားရမည်ဖြစ်သော်လည်း ကုမ္ပဏီအများစုသည် သစ်များကိုသာ ထုတ်ယူသွားကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို အကောင်အထည်ဖော်သွားခြင်းမရှိပါကြောင်း၊ မြေပေါ် သယံဇာတဖြစ်သည့် သစ်တောသစ်ပင်များကို ပြန်လည်ပြုစုပျိုးထောင်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်ပြုထားခဲ့သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား ဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်၍ မညီညွတ်သောမြေဧရိယာများအား နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများအဖြစ် ပြန်လည်သိမ်းယူပြီး သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို အလေးအနက်ထားဆောင်ရွက်သင့်ပါကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ထို့ပြင်အစည်းအဝေးတွင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ထားသော လမ်း၊ တံတားများ အချိန်တိုအတွင်း ပျက်စီးနေပါသဖြင့် တာဝန်ယူဆောက်လုပ်ခဲ့သော ကုမ္ပဏီများအား ပြန်လည်ပြုပြင်စေခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်းမရှိပါက တရားစွဲဆိုခြင်း၊ နာမည်ပျက်စာရင်းသွင်းခြင်းများပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



ကျောက်တန်းမဲဆန္ဒနယ်မှ
ဒေါ်အေးမြမြမျိုး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တည်ဆောက်ရေးကုမ္ပဏီ၏ အားနည်းမှုကြောင့် စာချုပ်သက်တမ်းမပြည့်မီ ပျက်စီးခဲ့ရသော ကျေးလက်လမ်း၊ တံတားများအား တင်ဒါရရှိခဲ့သည့် ကုမ္ပဏီများကို တာဝန်ယူစေပြီး တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ပြင်ဆင်ထိန်းသိမ်းပေးလျက်ရှိပါကြောင်း၊ တန်ပိုယာဉ်များ စည်းကမ်းမဲ့ ဝင်ရောက်မှုကြောင့် ပျက်စီးခဲ့သော ပီလခတ်-ဝဲကြီး လမ်းပိုင်းအား ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ကာ သက်ဆိုင်ရာကုမ္ပဏီကို တာဝန်ပေး၍ ပေ ၄၇၅၀ အား ပြန်လည်ပြုပြင်ပေးခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများသည် သဘာဝဘေးကြောင့်လည်းကောင်း၊ တန်ပိုယာဉ်များကြောင့်လည်းကောင်း ပျက်စီးရခြင်းမှလွဲ၍ အာမခံကာလ ၂ နှစ်အတွင်းပျက်စီးပါက အဆိုပါကုမ္ပဏီမှ တာဝန်ယူပြုပြင်ပေးရမည်ဖြစ်ကြောင်းကို စာချုပ်ချုပ်ဆိုရာ၌ ထည့်သွင်းချုပ်ဆိုထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တာဝန်ယူ ဆောက်လုပ်ထားသောကုမ္ပဏီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း မဆောင်ရွက်ခြင်း၊ စည်းမျဉ်း၊ စည်းကမ်းများကို မလိုက်နာခြင်းများရှိပါက တည်ဆောက်လုပ်ရေးလုပ်ငန်းများတွင် တင်ဒါဝင်ခွင့် ပိတ်သိမ်းခြင်း၊ အမည်ပျက်စာရင်းသွင်းခြင်း၊ တရားစွဲဆိုခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ မင်းကင်းမြို့နယ် မြစ်ရိုးအထက်ပိုင်း ကမ်းပြည့်ရွာမှ တရာရွာအထိ ဖောက်လုပ်ထားသောလမ်းနှင့် ကြိုးတံတား(၂)စင်းအား ကျေးလက်လမ်းအဖြစ် လွှဲပြောင်းရယူပြီး ကြံ့ခိုင်အောင်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကမ်းပြည့်ရွာမှ ရှားတောရွာအထိ ၁၅ မိုင် တစ်ကြောင်းထိုး မြေသားလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၇၅ ဒသမ ၅၉၁ သန်းဖြင့် ၁၈ ပေအကျယ်၊ ၂ ပေထု မြေသားလမ်းတာပေါင်တင်ခြင်း လုပ်ငန်း ၄ မိုင် ၃ ဒသမ ၁ ဖာလုံအား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

လမ်းအရှည် ၁၅ မိုင်နှင့် ကြိုးတံတား ၂ စင်းအား လွှဲပြောင်းရယူပြီး ရေရှည်ကြံ့ခိုင်အောင် ဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးကြည့်ရှု၍ လမ်း၊ တံတားဆိုင်ရာ အချက်အလက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီး အတည်ပြုချက်ရရှိပါက အဆိုပါလမ်းနှင့်တံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွှဲပြောင်းရယူပြီး ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့၏ မေးမြန်းချက်များကိုလည်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁**

သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့တို့ကို သင့်လျော်သူများဖြင့် ပြန်လည်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး Extractive Industries Transparency Initiative (EITI) လုပ်ငန်းအား ဆက်လက်ဆောင်ရွက်အကောင်အထည်ဖော်မှု အခြေအနေအား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထက်ပါအတိုင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် ပထမအကြိမ် တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီရင်ခံစာကို အဖွဲ့ဝင်လောင်းနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက် နိုင်ငံတကာ EITI ဘုတ်အဖွဲ့သို့ တင်သွင်းနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာ ဘုတ်အဖွဲ့၏ စံသတ်မှတ်ချက်အရ



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ကယားပြည်နယ်
မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်း

တင်းပြည့် အဖွဲ့ဝင်နိုင်ငံဖြစ်ရန် ဒုတိယအကြိမ် အစီရင်ခံစာအား ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ထပ်မံတင်သွင်းရမည်ဖြစ်ပြီး နိုင်ငံတကာ ဘုတ်အဖွဲ့၏ ဆန်းစစ်အတည်ပြုခြင်းကို ခံယူရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် မတ်လ ၂၉ ရက်တွင် ဖျက်သိမ်းခဲ့သော မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီကို ပြန်လည်ဖွဲ့စည်းခွင့်ပြုရန် ဆောင်ရွက်နေစဉ်ကာလအတွင်း EITI လုပ်ငန်းစဉ်များ အရှိန်အဟုန် မပျက်စေရန် ကိန်းဂဏန်းအချက်အလက်များ စာရင်းတိုက်ဆိုင်စစ်ဆေးရေး အစီရင်ခံစာ ရေးသားမည့် Independent Administrator (IA) ငှားရမ်းနိုင်ရန်အတွက် လုပ်ငန်းတာဝန် ဝတ္တရားသတ်မှတ်ချက်များနှင့်စပ်လျဉ်းပြီး အစိုးရ၊ ကုမ္ပဏီနှင့် အရပ်ဘက် ကိုယ်စားလှယ်များ ပါဝင်သော ဆပ်ကော်မတီ အစည်းအဝေးများကို ကျင်းပခဲ့ပြီး Myanmar EITI - Multi - Stakeholder Group (MEITI - MSG) သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းအတည်ပြုရမည် ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် အမှန်တကယ် အကျိုးအမြတ်ခံစားသူကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း (Beneficial Ownership) လမ်းပြမြေပုံ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့နှင့် မတူပီမြို့နယ် လိုင်လင်းပီမြို့အကြား ဆမီး-လိုင်လင်းပီ ဆက်သွယ်သည့် ကားလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ချင်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်အလိုက် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ချင်းပြည်နယ်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၆၂၈၁ ဒသမ ၉၅၆ သန်း လျာထားခွင့်ပြုထားပါကြောင်း၊ ဆမီး-လိုင်လင်းပီ ဆက်သွယ်သည့် ကားလမ်း ဖောက်လုပ်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူတို့၏ စက်မှုဇုန်များနှင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အသစ်ဖြည့်စွက်ချက် အပိုဒ်(၂) အပိုဒ်ခွဲ( င) ပိုင်နက်ပင်လယ်၊ အပိုဒ်ခွဲ(စ) ဆက်စပ်ဇုန်၊ အပိုဒ်ခွဲ(ဆ) သီးသန့်စီးပွားရေးဇုန်၊ အပိုဒ်ခွဲ(ဇ) ကမ်းလွန်ရေတိမ်ပိုင်း တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြည်သူ့လွှတ်တော် အတည်ပြုချက် ဇယား(၅)တွင် ပယ်ဖျက်ထားပါကြောင်း၊ အသစ်ဖြည့်စွက်ချက်ဟု ရေးသားဖော်ပြထားသော်လည်း မူလအဆိုပြု ဥပဒေကြမ်းပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် ရွှေ့ပြောင်းအမှတ်စဉ်ပြုထားခြင်းသာ ဖြစ်ပါကြောင်း။

မူလဥပဒေကြမ်း၌ ပိုင်နက်ပင်လယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခန်း(၂) အပိုဒ်(၃)အဖြစ် လည်းကောင်း၊ ဆက်စပ်ဇုန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခန်း(၃) အပိုဒ်(၁၆) အဖြစ် လည်းကောင်း၊ သီးသန့်စီးပွားရေးဇုန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခန်း(၄) အပိုဒ်(၁၉) အဖြစ် လည်းကောင်း၊ ကမ်းလွန်ရေတိမ်ပိုင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခန်း(၅) အပိုဒ်(၂၈) အဖြစ်လည်းကောင်း နေရာအသီးသီးခွဲ၍ ဖွင့်ဆိုထားပါကြောင်း၊ အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဥပဒေရေးထုံးအရ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၌ တစုတစည်းထဲ ဖော်ပြသင့်သည့်အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားသင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း ကြေညာသည်။

**သူရဇော် (သတင်းစဉ်)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေး နိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဤအခန်းကဏ္ဍကို လျစ်လျူရှုမထားသင့်ပါ

## ဦးရိုစိန်(တရားလွှတ်တော်ရှေ့နေ)

**၂၀၀၈ ခုနှစ် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။**

"နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်"ဟူ၍ ပြဋ္ဌာန်းထားပါသည်။

အထက်ပါပြဋ္ဌာန်းချက်အရ တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းရသည်ဟူသော ပြဋ္ဌာန်းချက်အရ အာဏာကြီး (၃)ရပ် အနေဖြင့် ဝင်ရောက်စွက်ဖက်သည့် သဘောမဟုတ်ဘဲ တစ်ရပ်နှင့်တစ်ရပ် အပြုသဘောဆောင်၍ ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်းကိုမူ သဘောတစ်ရပ်အနေဖြင့် ချမှတ်ထားခြင်းသာ ဖြစ်ပါသည်။

ထိုသို့မူချမှတ်ထားခြင်းအရ အာဏာကြီး (၃)ရပ် အနက်တစ်ရပ်ရပ်မှ ဆောင်ရွက်ရာတွင် မှားယွင်းမှုမျိုး ဖြစ်လာမည်ဆိုပါက ကျန်အာဏာကြီး(၂)ရပ်မှ အများပြည်သူအကျိုးအတွက် ဝိုင်းဝန်းထိန်းကျောင်းရမည်မှာ မလွဲဧကန်သာ ဖြစ်ပါသည်။

အဓိကဖော်ပြလိုသည့်အချက်မှာ တရားရုံးများ၊ စီမံခန့်ခွဲရေးအာဏာပိုင်များနှင့် အုပ်ချုပ်သူများမှာ ပြည်သူများနှင့် အများဆုံးထိတွေ့ ဆက်ဆံနေရသူအာဏာပိုင်များသာဖြစ်နေရာ ဥပဒေစိုးမိုးရေးဟူသည်မှာလည်း ၎င်းအာဏာကြီး (၂)ရပ်အပေါ်တွင်သာ မူတည်ကြောင်း မြင်တွေ့နိုင်ပါသည်။

ယနေ့နိုင်ငံအနှံ့အပြားတွင် စိတ်ထိခိုက်မှုအများဆုံး ကြုံတွေ့ရသည့် သမီးငယ်များ၏ မိဘများ၌ အကြောက်လန့်ဆုံး၊ ကြေကွဲဖွယ်ရာအဖြစ်ဆုံးမှာ သက်ငယ်မုဒိမ်းမှုများကို မကြာခဏကျူးလွန်နေကြောင်း မြင်တွေ့ကြားသိနေရပေရာ ထိုသက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ဥပဒေအား ပြင်ရန်လိုကြောင်း ဥပဒေနှင့် အသက်မွေးဝမ်းကျောင်း ပြုသူများကလည်းကောင်း၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၏ ပြောဆိုရေးသားမှုများကိုလည်းကောင်း မကြာမကြာတွေ့မြင်ကြားသိနေရပါသည်။

သို့ဖြစ်ရာ ထိုသက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ ဥပဒေအမှန်တကယ် ပြောင်းလဲရန်လိုအပ်ခြင်းရှိ၊ မရှိစဉ်းစားဖွယ်ရာဖြစ်လာပါသည်။ မုဒိမ်းမှုနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ၏ ပြဋ္ဌာန်းချက်**

"ပုဒ်မ ၃၇၅။ ။ ဤမှနောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှတစ်ပါး အောက်ဖော်ပြပါအကြောင်း (၅)ရပ်တွင် သက်ဝင်သော အကြောင်းတစ်ရပ်ရပ်ဖြင့် ယောကျ်ားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် ထိုသူသည် "မုဒိမ်း"မှုကို ကျူးလွန်သည် မည်၏။

ပထမ။ ။ မိန်းမက အလိုမတူငြင်းဆန်ခြင်း။

ဒုတိယ။ ။ မိန်းမက ခွင့်မပြုခြင်း။

တတိယ။ ။ မိန်းမက ခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း။

စတုတ္ထ။ ။ မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည် ထိုမိန်းမ၏လင်မဟုတ်ကြောင်းသိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှလည်း မိမိကိုဥပဒေနှင့်အညီလက်ထပ်ထားသောသို့တည်းမဟုတ် ထိုသို့ လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားက သိခြင်း။

ပဉ္စမ။ ။ မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်လေးနှစ်အောက် အရွယ်ရှိသူဖြစ်ခြင်း" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

ထိုပုဒ်မ ၃၇၅ ပြဋ္ဌာန်းချက်၏ ပြစ်ဒဏ်အား ပုဒ်မ ၃၇၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

**မုဒိမ်းမှုအတွက် ပြစ်ဒဏ်**

"မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ်နှစ် နှစ်ဆယ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသော မိန်းမသည် မိမိမယားဖြစ်၍ အသက်တစ်ဆယ်နှစ်နှစ်အောက် မဟုတ်လျှင် မူကား မုဒိမ်းကျင့်သော ထိုလူကို နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" (ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေအမှတ် ၆/၂၀၁၆) ဟူ၍ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

ဤနေရာတွင် ပြစ်ဒဏ်မှာ ထောင်ဒဏ်အနှစ်နှစ်ဆယ်ဟူ၍ ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့်လည်းကောင်း၊ ထိုဥပဒေ ပြင်ဆင်သည့်ကာလမှာလည်း မကြာမြင့်သေး၍ တစ်ကြောင်းတို့ကြောင့် ၎င်းပြစ်ဒဏ်မှာ လုံလောက်မှုရှိသဖြင့် ထိုပုဒ်မအား ပြင်ဆင်ရန်မလိုအပ်ဟု ဆိုချင်ပါသည်။

သို့သော်လည်း ထိုအမှုကို စီရင်သည့် တရားသူကြီးများအနေဖြင့် ကလေးသူငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ ပြစ်ဒဏ်ချမှတ်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း အပြည့်အဝထောင်ဒဏ်ချမှတ်မည်ဆိုပါက ထိုပြစ်မှုမျိုးအား ကျူးလွန်ရန်မှာ အလွန်ခက်ခဲသော ကိစ္စရပ်သဖွယ်ဖြစ်သွားနိုင်ပါသည်။ ဆိုလိုသည်မှာ ထောင်ဒဏ်အနှစ်နှစ်ဆယ်ပြဋ္ဌာန်းထားသည်ကို ထောင်ဒဏ် နှစ်နှစ်သာချပါက ကျူးလွန်သူများကလည်း ထပ်မံကျူးလွန်ရန် ဝန်လေးမည်မဟုတ်ပါ။

သို့ဖြစ်ရာ တရားရုံးများ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ တရားရုံးတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်နှင့် အုပ်ချုပ်ရေးပိုင်းတွင်လည်း တာဝန်ရှိသည်ဟု ယူဆရမည်ဖြစ်ပါသည်။

**ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှုများသာမက မုဒိမ်းမှုတိုင်းအားလုံးလိုလိုပင် တရားရုံးများမှ ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်မှုသာ ၎င်းကဲ့သို့ ပြစ်မှုများမှာ လျော့နည်းသွားမည်ဖြစ်ပြီး ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းမဟုတ်ဘဲ လျှော့ပေါ့သော ပြစ်ဒဏ်မျိုးပေးနေပါက ထိုအမှုများမှာလည်း အတောသတ်နိုင်မည်မဟုတ်တော့ပါ။**

"All that a court of law can do with an Act of Parliament is to apply it" တရားရုံးများမှ ဥပဒေအရ ဆောင်ရွက်နိုင်ခြင်းမှာ ပါလီမန်၏အာဏာအရသာဖြစ်ပါသည်။ တစ်နည်းအားဖြင့် တရားရုံးများသည် ပါလီမန်၏ တစ်ဆင့်ခံအဖွဲ့အစည်းသာဖြစ်ကြောင်း ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများမှ လက်ခံထားကြပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်လမ်းကြောင်းအပေါ်သို့ ရောက်ရှိနေရာ ပြည်ထောင်စုလွှတ်တော်မှလည်း တရားရုံးများ၏ မှားယွင်းတိမ်းစောင်းနေမှုကို လျစ်လျူရှု၍ မရနိုင်ပါ။ ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီမူအတိုင်း ပြည်ထောင်စုလွှတ်တော်မှလည်း ဆောင်ရွက်ရမည်သာဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှုများသာမက မုဒိမ်းမှုတိုင်းအားလုံးလိုလိုပင် တရားရုံးများမှ ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်မှုသာ ၎င်းကဲ့သို့ ပြစ်မှုများမှာ လျော့နည်းသွားမည်ဖြစ်ပြီး ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းမဟုတ်ဘဲ လျှော့ပေါ့သော ပြစ်ဒဏ်မျိုးပေးမိမည်ဆိုပါက ထိုအမှုများမှာလည်း အတောသတ်နိုင်မည်မဟုတ်တော့ပါ။

တရားရုံးမှ အမှုဖြစ်ပွားပုံနှင့် အမှုကျူးလွန်သူများ၏ ရည်ရွယ်ချက်ကို ထောက်ရှု၍ ပြစ်ဒဏ်အားချမှတ်ရမည်ဖြစ်ပါသည်။ ယခုအရွယ်မရောက်သေးသူများအပေါ် ပြစ်မှုကျူးလွန်သူများအား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက ပြစ်မှုနှင့် ပြစ်ဒဏ်လျော်ညီစွာ ထိရောက်သည့် ပြစ်ဒဏ်ကို ချမှတ်ရမည်သာဖြစ်ပါသည်။

ထိုကဲ့သို့ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ အင်္ဂလန်နိုင်ငံတွင် ယခင်ကလည်း ဖြစ်ပွားခဲ့ဖူးရာ ထိုဖြစ်ပွားခဲ့သော ပြစ်မှုများနှင့် ပတ်သက်၍ ကွယ်လွန်သူဝန်ကြီးချုပ် မာဂရက်သက်ချာမှ လွှတ်တော်တွင် ဝင်ရောက်ထောက်ပြခဲ့ဖူးပါသည်။

"Parliamentary practice prohibits the criticism of judges other than under a motion experessing specif ic criticism or leading to an address to the Crown for the removal of the judge. It wat not, however,regarded as a breach of conventional rules when the then prime Minister, Mrs Thatcher, in parliament, criticised the light sentence imposed on a child molester. There have, however, been other incidents where judges have been criticised in parliament. In 1977, for example, motions were tabled for the dismissal of judges who had reduced a sentence for rape. Further, a judge who described a rape victim as guilty of contributory negligence was criticised in parliament." ၎င်းစာပိုဒ်နှင့် ပတ်သက်၍ စာရေးသူမှ စာဖတ်သူများသို့ မိမိတို့ကိုယ်တိုင် လေ့လာရန် တပ်ပြအပ်ပါသည်။

စာရေးသူသည် ယခုအချိန်အထိ ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူဖြစ်၍ မည်သည့်အဖွဲ့အစည်းကိုမျှ စိတ်အနှောင့်အယှက်ဖြစ်လိုသည့် ဆန္ဒမရှိပါ။ ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးနေသော အလေ့အထများကို ဖတ်မိသဖြင့် ရှေ့နိုင်ငံအတွက် ရေးသားရခြင်းဖြစ်ပါသည်။

ပါလီမန်မှ ထိုသို့ တရားစီရင်ရေးကဏ္ဍကို ဝင်ရောက်ထိန်းကျောင်းခွင့်ရှိသကဲ့သို့ တရားစီရင်ရေးကဏ္ဍမှလည်း ဥပဒေပြုရေးကဏ္ဍအား လိုအပ်သလို ထိန်းကျောင်းခွင့်ရှိပါသည်။

ဆိုလိုသည်မှာ ဥပဒေပြုအဖွဲ့မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိပါက ပါလီမန်အား တရားလွှတ်တော်မှ ထောက်ပြနိုင်သည့် လုပ်ဆောင်မှုမရှိခြင်းအားဖြင့် "Check and Balance" ဟူသော အနှစ်သာရကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ တရားစီရင်ရေး မူဝါဒမှာလည်း ပြည်သူများမှ အားကိုးလာနိုင်သည့် အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

# တရားဥပဒေစိုးမိုးရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ပူတာအို၌ဖွင့်

**ပူတာအို ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကိုယ့်အားကိုယ်ကိုး အမျိုးသမီးဦးဆောင်အဖွဲ့က ဦးဆောင်မှုဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့နံနက် ၉ နာရီခွဲက ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် တန်းတူညီမျှရှိခြင်းဆိုတာ ဘာလဲ၊ တန်းတူညီမျှမရှိခြင်းဆိုတာ ဘာလဲ၊ တန်းတူညီမျှမရှိခြင်းကြောင့် ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာနိုင်မလဲစသည့် ခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့လိုက်ဂိမ်းကစားခြင်း၊ အဖွဲ့လိုက်ကိုယ်လက်လှုပ်ရှားခြင်းဖြင့် သင်တန်းနည်းပြ ဆရာမ ဒေါ်ကျင်ခိုင်ကျော်က အသိပညာပေးပို့ချပေးမည့်အပြင် အဖြေကိုစုပေါင်းဖော်ထုတ်ခဲ့ကြသည်။

ယင်းသင်တန်းမှ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှရှိမှုအကြောင်းကို သိရှိလာနိုင်ခြင်း၊ ခွဲခြားဆက်ဆံမှုများကို ဖော်ထုတ်လာနိုင်ခြင်း၊ အမျိုးသမီးများ တန်းတူရပိုင်ခွင့်များကို သိရှိလာနိုင်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်းပုံစံများကို သိရှိလာနိုင်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုအကြောင်းကို သိရှိလာနိုင်ခြင်း၊ ကွာရှင်းပြတ်စဲနိုင်သည့် အကြောင်းအရင်းများကို ဖော်ထုတ်လာနိုင်မည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျား၊ မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေး အထိမ်းအမှတ် (၁၆) ရက်တာလှုပ်ရှားမှု တစ်ရပ်အနေဖြင့် 'အိမ်တွင်းငြိမ်းချမ်းခြင်းမှသည် ငြိမ်းချမ်းသောကမ္ဘာဆီသို့' ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသူ ၆၀ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ဝင်ပီဇာအမျိုးအစားအလိုက် ၁-၁၂-၂၀၁၆ ရက်နေ့မှစ၍ ပြင်ဆင်သတ်မှတ်သည့် ပီဇာစည်းကမ်းသတ်မှတ်ချက်များ

မြန်မာနိုင်ငံတွင် လက်ရှိခွင့်ပြုပေးလျက်ရှိသော ပြည်ဝင်ဗီဇာစနစ်သစ် (၁၂) မျိုးကို နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ ဗီဇာလျှောက်ထားနိုင်ရေးအတွက် ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် စည်းကမ်းသတ်မှတ်ချက်များ ပြင်ဆင်သတ်မှတ်ထားသည့် အောက်ဖော်ပြပါ ဗီဇာစည်းကမ်းသတ်မှတ်ချက်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ဗီဇာအမျိုးအစား | ပြင်ဆင်သတ်မှတ်မည့် ဗီဇာကြေးနှင့်နေခွင့်ကာလ | ပြင်ဆင်သတ်မှတ်မည့် ဗီဇာစည်းကမ်းသတ်မှတ်ချက် |
|---|---|---|---|
| ၁။ | သံတမန်/ သံအဖွဲ့ဝင်ဗီဇာ (Gratis Diplomatic/ Official Courtesy Visa) | - ဗီဇာကြေး - အခမဲ့<br>-နေခွင့်ကာလ<br>- တာဝန်ထမ်းဆောင်ချိန် | (၁) သက်ဆိုင်ရာနိုင်ငံမှ မြန်မာနိုင်ငံတွင်သံတမန်/ သံအဖွဲ့ဝင်အဖြစ် တာဝန်ပေး ခန့်အပ်သည့် အမိန့်စာတင်ပြရမည်။<br>(၂) သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်မည့် ခန့်အပ်ကြောင်း (သို့မဟုတ်) ဖိတ်ခေါ်ကြောင်း အထောက်အထားတင်ပြရမည်။ |
| ၂။ | ကမ္ဘာလှည့်ဗီဇာ (Tourist Visa) | - ဗီဇာကြေး - ၄၀ USD<br>- နေခွင့်ကာလ - ၂၈ ရက် | (၁) အားလပ်ရက် အပန်းဖြေ ခရီးထွက်ရန်၊ အလည်အပတ် အဖြစ် နေထိုင်ရန်၊ ခေတ္တ နေထိုင်ရန် အတွက်သာ လျှောက်ထားရမည်။<br>(၂) ခရီးစဉ်အသွားအပြန် လေယာဉ်လက်မှတ် တင်ပြရမည်။ |
| ၃။ | - လုပ်ငန်းဗီဇာ (တစ်ကြိမ်သုံး) (Business Visa)(Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) လျှောက်ထားသူသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လိုသည့် စီးပွားရေး/ ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးကိစ္စအား ဖော်ပြ လျှောက်ထားရမည်။ |
| | - လုပ်ငန်းဗီဇာ (အကြိမ်ကြိမ်) (Business Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။** | လုပ်ငန်းဗီဇာ (၁)ကြိမ်သုံးအတွက် ဗီဇာစည်းကမ်း သတ်မှတ်ချက်များ အပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်)ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်)(၆)လ(သို့မဟုတ်) (၁)နှစ်မှ မည်သည့်ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ပြုလုပ်လိုသည့်အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့်တင်ပြရမည်။ (ဥပမာ- ကာယကံရှင်ကိုယ်တိုင် တင်ပြနိုင်သော စီးပွားရေးဆိုင်ရာကိစ္စ ဖော်ပြခြင်း) |
| ၄။ | - လူမှုရေးဗီဇာ (တစ်ကြိမ်သုံး) (Social Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေပြနိုင်ရမည်။ မြန်မာနိုင်ငံ၌တွေ့ဆုံ/ အတူနေထိုင်လိုသည့် ဆွေမျိုးနှင့် တည်းခိုနေထိုင်သည့် လိပ်စာအတိအကျ ဖော်ပြရမည်။<br>(၂) မြန်မာနိုင်ငံသားနှင့် ပတ်သက်သူနိုင်ငံခြားသားဖြစ်ပါက မြန်မာနိုင်ငံသားနှင့်မည်သို့ ပတ်သက်ကြောင်း အထောက်အထား၊ တွေ့ဆုံလိုသည့် အကြောင်းအရာ၊ တည်းခိုနေထိုင်သည့် လိပ်စာအတိအကျ ဖော်ပြလျှောက်ထားရမည်။ |
| | - လူမှုရေးဗီဇာ (အကြိမ်ကြိမ်) (Social Visa) (Multiple) | - ဗီဇာကြေး - ၁၅၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၃၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၅၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။** | လူမှုရေးဗီဇာ (၁) ကြိမ်သုံး အတွက် ဗီဇာစည်းကမ်း သတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံး အကြိမ်) ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ်(၃)လ(သို့မဟုတ်) (၆) လ (သို့မဟုတ်) (၁) နှစ်မှ မည်သည့်ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။ |
| ၅။ | - သာသနာရေးဗီဇာ (တစ်ကြိမ်သုံး) (Religious Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) သာသနာရေးဆိုင်ရာ လာရောက်လိုသည့် ကိစ္စရပ်၊ ဆက်သွယ်ဆောင်ရွက်မည့် ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်/ အဖွဲ့အစည်း/ ရိပ်သာ / ဘုရားကျောင်း၊ သွားရောက်မည့် လိပ်စာတို့ကို ဖော်ပြလျှောက်ထားရမည်။ |
| | - သာသနာရေး ဗီဇာ (အကြိမ်ကြိမ်) (Religious Visa) (Multiple) | - ဗီဇာကြေး - ၁၅၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၃၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၅၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့်ရက်(၇၀)ပြည့်လျှင်ပြန်လည်ထွက်ခွာရန် မလိုပါ။** | သာသနာရေးဗီဇာ (၁) ကြိမ်သုံး အတွက် ဗီဇာစည်းကမ်းသတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံး အကြိမ်) ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆) လ (သို့မဟုတ်) (၁)နှစ်မှ မည်သည့်ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။ |

**ဆက်လက်ဖော်ပြပါမည်။**

# World AIDS Day (2016) ပြပွဲကျင်းပ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံဆိုင်ရာ UNAIDS၊ ဖီးနစ်လူမှုစီးပွားရေးအဖွဲ့(Phoenix Association)နှင့် HIV ဆိုင်ရာအရပ်ဘက်လူမှုရေးကွန်ရက်များ ပူးပေါင်းစီစဉ်သော World AIDS Day (2016) အထိမ်းအမှတ်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဆောင်၌ ကျင်းပသည်။

ပြပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ UNAIDS နှင့် Phoenix Association မှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ရုံးမှဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

# ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်းရှေ့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်တွင် ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်၌ ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်ဆိုင်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲစတင်ကျင်းပသည့်နေ့ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲနှင့် တစ်ဆက်တည်း ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပခဲ့ကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလကလည်း နေပြည်တော်၌ ကလေးစာပေပွဲတော်ကို ကျင်းပခဲ့ကြောင်း၊ နိုဘယ်လ်မြန်မာစာပေ ပွဲတော်ကိုလည်း ရန်ကုန်၌ ကျင်းပခဲ့ကြောင်း။

အဆိုပါ စာပေပွဲတော်များ စည်ကားခြင်းသည် မြန်မာလူမျိုးများအနေဖြင့် စာအုပ်စာပေစိတ်ဝင်စားမှုကို ပြသနေခြင်းဖြစ်ကြောင်း၊ စိတ်ဝင်စားဖွယ်ကောင်းသည့် စာအုပ်စာတမ်းအသစ်များလည်း ထွက်ပေါ်နေရန် လိုအပ်ကြောင်း၊ စာအုပ်အသစ်များများ ထွက်ရှိနေမှုနှင့်အတူ စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုများ တိုးပွားလာမည်ဖြစ်ကြောင်း၊ ထို့အတူ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များကို ယခုကဲ့သို့ မကြာခဏကျင်းပပေးခြင်းဖြင့် စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုများလာပြီး အသိပညာများလည်း တိုးတက်လာမည်ဖြစ်၍ ဆက်လက်ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နိုဘယ်လ်မြန်မာစာပေပွဲတော်ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ ကလေးစာပေပွဲတော်ကို မန္တလေးမြို့၌ လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပွဲတော်များကို လည်းကောင်း ဆက်လက်ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေနှင့် ပတ်သက်သည့် စာတမ်း ၁၄ စောင်မှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း စစ်ပြီးခေတ်ကာလသမိုင်းကို ညွှန်းဆိုနေသော စာတမ်းများဖြစ်သည်ကိုတွေ့ရကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးသည် ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အချုပ်ပင် ဖြစ်ကြောင်း၊ စာပေသမားများအားလုံး၏ တူညီသော ရည်ရွယ်ချက်မှာလည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်သည်ဟု မြင်ပါကြောင်း၊ တူညီသောရည်ရွယ်ချက်နှင့် ဆွေးနွေးညှိနှိုင်း စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်မည်ဟု မြင်ပါကြောင်း၊ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပခြင်းဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်သူပရိသတ် တိုးပွားလာရေး၊ မြန်မာလူမျိုးများ စာတမ်းများရေးသားသည့် အလေ့အထဖြစ်ပေါ်လာရေး၊ စာတမ်းများကို ဆွေးနွေးသည့် အလေ့အထထွန်းကားလာရေး၊ ဆွေးနွေးပွဲများမှ အသိဉာဏ်ဖလှယ်ရယူနိုင်ရေး၊ မြန်မာလူမျိုးများ၏ လူသားအရင်းအမြစ်အရည်အသွေး တိုးတက်တောက်ပြောင်လာရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲအား ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးအောင်ရှင်(မုံရွာအောင်ရှင်)နှင့် ဦးကျော်နိုင်(ထက်မြက်)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာတမ်းရှင် ဦးခင်မောင်ဌေး(သန်းစိုးနိုင်)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးခင်မောင်ဌေး(သန်းစိုးနိုင်)က 'စာပေသစ်လှုပ်ရှားမှု(တာရာကိုထွန်းညှိခြင်း)' စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားပြီး သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ဦးအံ့မောင်(အံ့မောင်-မုံရွာ)နှင့် ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က စာတမ်းရှင် ဦးကျော်နိုင်(ထက်မြက်)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးကျော်နိုင်(ထက်မြက်)က 'မြန်မာစာပေလောကအပေါ် လက်ဝဲစာရေးဆရာများနှင့် လက်ဝဲစာပေလွှမ်းမိုးလာမှု' စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားပြီး သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ သဘာပတိများအဖြစ် ဦးအံ့မောင်(အံ့မောင်-မုံရွာ)၊ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)နှင့် ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဦးအံ့မောင်(အံ့မောင်-မုံရွာ)က စာတမ်းရှင် ဦးတင်ဝင်းနှင့် မိတ်ဆက်ပေးသည်။

စာတမ်းရှင် ဦးတင်ဝင်းက 'မြန်မာနိုင်ငံပညာရေးသမိုင်း(၁၉၄၈-၆၂)' စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားပြီး သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဉာဏ်ပူဇော်ခများ ပေးအပ်ချီးမြှင့်ကြသည်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာတမ်းရှင် ဒေါက်တာတိုးလှက 'သမိုင်းနှင့်နိုင်ငံရေး'စာတမ်း၊ စာတမ်းရှင် ဦးအေးချို(မဟာဝိဇ္ဇာ)က '၁၉၄၈ ခုနှစ် လွတ်လပ်ရေးအပေါ် ခေတ်ပြိုင်စာပေ မှတ်တမ်းများအမြင်' စာတမ်းနှင့် စာတမ်းရှင်ဦးငွေတိုး(အခြေခံပညာ)က 'အခြေခံပညာရေးကဏ္ဍကို လေ့လာသုံးသပ်ခြင်း' စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ယနေ့မှ ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ စာတမ်းရှင် ၁၄ ဦးက စာတမ်းပေါင်း ၁၄ စောင် ဖတ်ကြားကြမည်ဖြစ်ပြီး စာအုပ်ဆိုင်ပေါင်း ၂၂၀ ကျော်ကလည်း သုတ၊ ရသစာအုပ်များကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ရဲထွန်း**



# မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ Myanmar Economic Forum သို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

Myanmar Economic Forum အား နိုဝင်ဘာ ၂၈ ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၂ နာရီတွင် Nikkei Hall ၌ ဂျပန်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ သတင်းမီဒီယာတစ်ခုဖြစ်သော Nikkei Inc. မှ ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။

ထိုဆွေးနွေးပွဲသို့ မက်စ်မြန်မာကုမ္ပဏီအုပ်စုနှင့် AYA Financial Group ဥက္ကဋ္ဌ ဦးဇော်ဇော် အပါအဝင် အခြားလုပ်ငန်းရှင်များဖြစ်သည့် ဒေင်လုပ်ငန်းစုဥက္ကဋ္ဌ ဦးချစ်ခိုင်၊ City Mart Holding မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်နှင့် ကမ္ဘောဇဘဏ်၏ အကြီးတန်းအကြံပေး ဦးသန်းလွင်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးကိုယ်စား သံမှူးကြီး ဒေါ်ခင်နီလာစိုးနှင့် Daiwa Securities ဥက္ကဋ္ဌ Takashi Hibino တို့က အမှာစကားများ ပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများက သက်ဆိုင်ရာစီးပွားရေးနယ်ပယ်အလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ အစိုးရသစ်လက်ထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ Ryo Suzuki (Senior Staff Writer, Nikkei Inc.)က ဦးဆောင်ကာ ဦးဇော်ဇော်၊ ဦးသန်းလွင်နှင့် တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ထို့နောက် တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော သုံးစွဲသူဈေးကွက်အကြောင်းနှင့်ပတ်သက်၍ Toru Takahashi (Deputy Editor, International and Asian News Department, Nikkei Inc.)မှ ဦးဆောင်ကာ ဦးရဲမျိုးအောင်၊ ဒေါ်ဝင်းဝင်းတင့်နှင့် တာဝန်ရှိသူများက ဆွေးနွေးကြသည်။ အဆိုပါ Myanmar Economic Forum သို့ ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီမံခန့်ခွဲသူ ၆၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများ အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၈၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)

## စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်း

၁။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့နှင့် နိုဝင်ဘာလ (၁၂-၁၃) ရက်နေ့များတွင် ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိတို့ကို စစ်ဆေးသုံးသပ်ပြီး အကြံပြုတင်ပြနိုင်ရန်အတွက် **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်-

(က) ဦးမြင့်ဆွေ — ဥက္ကဋ္ဌ
ဒုတိယသမ္မတ(၁)

(ခ) ဦးအောင်ကြည် — အဖွဲ့ဝင်
အငြိမ်းစား၊ ပြည်ထောင်စုဝန်ကြီး

(ဂ) ဦးထွန်းမြတ် — အဖွဲ့ဝင်
အငြိမ်းစား၊ ကုလသမဂ္ဂ
လက်ထောက်အတွင်းရေးမှူးချုပ်

(ဃ) ဒေါက်တာသက်သက်ဇင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်

(င) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
အငြိမ်းစား၊ ကုလသမဂ္ဂအကြီးတန်းအကြံပေး

(စ) ဦးညွန့်ဆွေ — အဖွဲ့ဝင်
အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသား
လူ့အခွင့်အရေးကော်မရှင်

(ဆ) ဦးစောသလေးစော — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဇ) ဒေါ်ကျိန်ငိုက်မန် — အဖွဲ့ဝင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ရဲချုပ်ဇော်ဝင်း — အဖွဲ့ဝင်
ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ည) ဦးအောင်နိုင်
ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဋ) ဒေါက်တာလှမောင် — အဖွဲ့ဝင်
သံအမတ်ကြီး(အငြိမ်းစား)
နာယက၊ ဘာသာပေါင်းစုံ
ချစ်ကြည်ညီညွတ်ရေးအဖွဲ့

(ဌ) ဦးသာညဏ် — အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူး
ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း

(ဍ) ဦးဇော်မြင့်ဖေ — အတွင်းရေးမှူး
အဖွဲ့ဝင်၊ ဥပဒေရေးရာနှင့်
အထူးကိစ္စရပ်များ
လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်
ပြည်ထောင်စုလွှတ်တော်

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လေ့လာစိစစ်ပြီး သုံးသပ်ချက်၊ အကြံပြုချက်နှင့်အတူ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်-

(က) မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် နောက်ခံအခြေအနေ၊ ဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ၊

(ခ) အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုနှင့် အခြားထိခိုက်မှုများ၊

(ဂ) ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာဆောင်ရွက်ချက်များ၊

(ဃ) နယ်မြေရှင်းလင်းစိုးမိုးရေးဆောင်ရွက်ချက်များအပေါ် ပြင်ပမှ စွပ်စွဲချက်များ မှန်ကန်မှု ရှိ/မရှိ၊

(င) ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေး၊

(စ) ပဋိပက္ခများ ကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပံ့ပိုးရေး၊

(ဆ) စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့်အစီအမံများ။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် လိုအပ်သော လူပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ စာရွက်စာတမ်းများ တောင်းယူခြင်းနှင့် လိုအပ်သည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၅။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အရောက် တိုက်ရိုက်အစီရင်ခံတင်ပြရမည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

### ❀ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှ

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်တွေ့ဆောင်ရွက်ကြရသည့် စီးပွားရေးလုပ်ငန်းရှင်များ ယနေ့တွေ့ကြုံရသည့် အခက်အခဲများကို မိမိတို့သိရှိနိုင်ရန် လာရောက်နားထောင်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး စီးပွားရေးမူဝါဒ(၁၂)ရပ်နှင့်အတူ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့အတူ နိုင်ငံတော်၏ အမျိုးသားအဆင့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာစီးပွားရေးကဏ္ဍအလိုက် မူဝါဒ၊ လုပ်ငန်းစဉ်များရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော်နေပါကြောင်း၊ စီးပွားရေးမူဝါဒ၏ အဓိကကျသောကဏ္ဍဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး နိုင်ငံစီးပွားရေး တိုးတက်ဖော်ဆောင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နည်းဥပဒေနှင့် အမိန့်ကြေညာချက်များကိုလည်း မကြာခင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မူဘောင်နှင့်အညီ လာမည့်နှစ်သစ်တွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အချိုးညီဖွံ့ဖြိုးတိုးတက်စေရန် ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃)ဟူ၍ ဇုန်အလိုက်ခွဲခြားပြီး ကွဲပြားသည့် အခွန်သက်သာခွင့်များအား ဇုန်အလိုက်သတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ပြီးခဲ့သည့် နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတော်တွင် အဓိကဆောင်ရွက်မည့် မူဝါဒများနှင့်ပတ်သက်ပြီး လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် မဏ္ဍိုင်များလည်းရှိကြောင်း၊ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသည် အလွန်ကျယ်ဝန်းသည့်အတွက် စနစ်တကျဆောင်ရွက်ရန် လမ်းပြမြေပုံလိုအပ်ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာ ဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့် ပူးပေါင်းရေးဆွဲခဲ့ပါကြောင်း၊ မဏ္ဍိုင်(၅)ရပ်ဆိုသည်မှာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာ ဆောင်ရွက်ရေးမဏ္ဍိုင်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရေး မဏ္ဍိုင်၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ နိုင်ငံ၏အခန်းကဏ္ဍပြန်လည်ရေးဆွဲရေး မဏ္ဍိုင်နှင့် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးမဏ္ဍိုင်တို့ ပါဝင်ကြောင်း၊ ၎င်းမဏ္ဍိုင်(၅)ရပ်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းကော်မတီ (၅)ခု ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယသမ္မတက ဥပဒေလုပ်ထုံးလုပ်နည်းများ အလေ့အထများသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာစံနှုန်းများဖြင့် မကိုက်ညီဘဲ ခေတ်မမီတော့ခြင်း စသည့်အားနည်းချက်များကို မြန်ဆန်ထိရောက်စွာ ဖြေရှင်းပေးနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲများမှ ညှိနှိုင်းအဖြေရှာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းရာတွင်လည်း ချက်ချင်းဖြေရှင်းရနိုင်သောကိစ္စများကို အချိန်မဆိုင်းဘဲ ဖြေရှင်းဆောင်ရွက်ပေးရန်၊ လတ်တလောဖြေရှင်းမရသေးသော ကိစ္စများရှိလျှင်လည်း မြန်မြန်ဖြေရှင်းပေးနိုင်လေ တိုင်းပြည်နှင့်ပြည်သူ အကျိုးမြန်မြန်ရှိလေဆိုသည့် စိတ်ဓာတ်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ချက်ချင်းပြန်လည်ဆွေးနွေးသုံးသပ်ပြီး အမြန်ဆုံးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးကြိုးပမ်းကြရန်၊ အစိုးရဌာနများအနေဖြင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် လွယ်ကူရှင်းလင်းသည့်စနစ်၊ ပွင့်လင်းမြင်သာသောစနစ်များနှင့် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေး အဂတိတရားကင်းကင်းဖြင့် ဆောင်ရွက်ကြရန်၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မိမိကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတိုးတက်မှုကို ရှေးရှုမှုနှင့်အတူ မိမိပါဝင်သည့် စီးပွားရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိလုပ်ငန်းနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်ပတ်သက်သည့် လူမှုစီးပွားဝန်းကျင်တစ်ခုလုံးကိုပါ အတူတကွ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံစီးပွားရေးတစ်ခုလုံးကိုပါ အထောက်အကူဖြစ်စေမည့် စီးပွားရေးသမားကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များက တရားမဝင်ကုန်သွယ်မှုကဏ္ဍ၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံခြားငွေလဲလှယ်နှုန်းကိစ္စ၊ ဆန်၊ ပဲ၊ နှမ်း၊ ရေထွက်ပစ္စည်း၊ မွေးမြူရေး၊ သစ်တောထွက်ပစ္စည်း၊ အထည်အလိပ်၊ ခရီးသွားလုပ်ငန်းစသည့် ပို့ကုန်မြှင့်တင်ရေးကဏ္ဍများ၊ ရန်ကုန်မြို့သစ် စီမံကိန်းကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ✪ အပြည်ပြည်ဆိုင်ရာမှ

ကမ္ဘောဇအုပ်စုပိုင် မြန်မာပြည်၏တစ်ခုတည်းသော Safety (IOSA) လက်မှတ်ရ ခရီးသည်များအတွက် စိတ်အချရဆုံး လေကြောင်းလိုင်းဖြစ်သော အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) သည် ရန်ကုန်-ကိုးလ်ကတ္တား-ရန်ကုန် ခရီးစဉ်သစ်ကို ဒီဇင်ဘာ ၁ ရက်မှစ၍ စတင်ပျံသန်းပြေးဆွဲလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ခရီးစဉ်သစ်အထူးအစီအစဉ်အဖြစ် ရန်ကုန်-ကိုးလ်ကတ္တား-ရန်ကုန် အသွားအပြန်လေယာဉ်လက်မှတ်ကို အမေရိကန်ဒေါ်လာ ၃၀၅ ဖြင့် ရောင်းချပေးလျက်ရှိပြီး တစ်ပတ်လျှင် နှစ်ကြိမ် (ကြာသပတေး၊ တနင်္ဂနွေနေ့)များတွင် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ရန်ကုန်မြို့မှ ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုးနှင့် ဂယာမြို့များသို့ Airbus A320 (လူဦးရေ ၁၈၀ ဆံ့)၊ Airbus A 319 (လူဦးရေ ၁၂၀ ဆံ့) လေယာဉ်များဖြင့် ပုံမှန်ပျံသန်းပေးလျက်ရှိပြီး (Charter Flight) စင်းလုံးငှား ခရီးစဉ်များကိုလည်း သွားလိုသည့် ပြည်ပနိုင်ငံများအတွက် အလျင်မြန်ဆုံးနှင့် အလွယ်ကူဆုံး အချိန်မရွေး ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ၁၉၉၃ ခုနှစ်မှစ၍ ပြည်ပခရီးစဉ်များ ပျံသန်းပေးလျက်ရှိပြီး ရာခိုင်နှုန်းပြည့် လုံခြုံစိတ်ချရသော လေကြောင်းလိုင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

### ❖ မင်္ဂလာပါမှ

မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဖျော်ဖြေတင်ဆက်ပေးရန် အစမ်းလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမင်္ဂလာပါပွဲတော်တွင် ရုပ်သေးရုပ်ကြီးဖြင့် စီတန်းလှည့်လည်မည်ဖြစ်ပြီး ပြင်သစ်နှင့် မြန်မာအနုပညာရှင်ပေါင်းများစွာတို့က ဖျော်ဖြေပွဲများ၊ ဆပ်ကပ်ပွဲများ၊ သီဆိုဖျော်ဖြေပွဲများ၊ မီးရှူးမီးပန်း ပစ်ဖောက်ခြင်းများနှင့် ကပြဖျော်ဖြေမှုများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချက်အချာကျသော မဟာဗန္ဓုလပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ ဝါးတန်းဆိပ်ကမ်း၊ ဗိုလ်တထောင်ဆိပ်ကမ်း၊ ဒလမြို့နယ်တို့တွင် တင်ဆက်ကြမည်ဖြစ်သည်။ မင်္ဂလာပါပွဲတော်ကို ပထမနေ့ ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ဒလမြို့နယ်ရှိ ကားဝင်းအတွင်းတွင် ကျင်းပမည်ဖြစ်ပြီး အကော်ဒီယံတီးခတ်သူနှင့် လေပေါ်ဝဲကြိုးခိုကျွမ်းဘားသမားတို့၏ နှစ်ကိုယ်တော် ကဗျာဆန်စွာ ဖျော်ဖြေတင်ဆက်မှုနှင့် Hoola ကွင်းများကို မြေမကျအောင် ကစားပြခြင်းတို့ကို တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော် (IPRD)**

# မောင်တောမြို့ မြင်ကွင်းအဖုံဖုံ ရှုခင်းစုံ

သတင်းဆောင်းပါး - မြင့်မောင်စိုး
ဓာတ်ပုံ - အောဝမ်းစိုး

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားပြီး နှစ်လနီးပါးရှိလာချိန်တွင် မောင်တောမြို့၏ အခြေအနေမှာလည်း ပုံမှန်လည်ပတ်လာပြီး စည်ကားလာသည့်အခြေအနေကို တွေ့မြင်နေရပြီဖြစ်သည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် လမ်းဦးစီးရုံးအနီးရှိ လက်ဖက်ရည်ဆိုင်များတွင် နံနက်စာ စားသုံးသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ယင်းဆိုင်များတွင် စားသုံးသူအများစုမှာ ဌာနဆိုင်ရာမှဖြစ်သည်။ မောင်တောမြို့ပေါ်တွင် အမြဲတမ်းတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၊ ခေတ္တလာရောက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများဖြင့် စည်ကားလျက်ရှိသည်။ ဆိုင်တန်းမှာ မများပြားလှသော်လည်း မြန်မာစားသောက်ဖွယ်ရာဖြစ်သည့် မုန့်ဟင်းခါး၊ ထမင်းကြော်၊ နန်းကြီးသုပ်၊ လက်ဖက်ရည် အစရှိသည့် စားဖွယ်သောက်ဖွယ်များ တစ်နေရာတည်းတွင် ရရှိနိုင်သဖြင့် စားသုံးသူများပြားသော နေရာတစ်ခုဖြစ်သည်။ ညပိုင်းက ယှဉ်ပြိုင်ကစားသွားခဲ့သော ပရီမီယာလိဂ်ဘောလုံးပွဲများကို ကြည့်ရှုရင်း နံနက်စာကို မြိန်ယှက်စွာ စားသုံးနေကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ဝန်ထမ်းအချို့မှာ စကားစမြည်ပြောဆိုရင်း ဒေသအတွေ့အကြုံများကို တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာ ဆွေးနွေးဖလှယ်နေကြသည်ကိုလည်း တွေ့ရသည်။ ထိုအတောအတွင်း အနီးရှိ မြို့မကျောင်းတိုက်မှ အမျိုးသမီးတစ်စု၏ ပရိတ်ရွတ်ဆိုသံများကိုလည်း ကြားရ၏။ မြို့မဈေး၊ ဟင်းသီးဟင်းရွက်နှင့် သားငါးဈေးပတ်ဝန်းကျင်တို့တွင် ဈေးရောင်းဈေးဝယ်တို့ဖြင့် စည်ကားလျက်ရှိသည်။

မြို့မဈေးအနီးတွင် သစ်သီးဆိုင်များ၊ တစ်ပတ်ရစ်အဝတ်အထည်ဆိုင်များလည်း ရှိသည်။ သို့သော် မြို့မဈေးကြီးအတွင်းရှိ ဆိုင်ခန်းအများစုမှာ နံနက်စောစောဖွင့်လေ့မရှိပေ။ နံနက် ၉ နာရီကျော်မှသာ ဆိုင်ခန်းအများစု ဖွင့်လှစ်ကြသည်။ မြို့မဈေးကြီးသည် နယ်စပ်မြို့ဖြစ်သော်လည်း ပြည်မမှတင်သွင်းသည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများကိုသာ ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။ တစ်ဖက်နိုင်ငံမှလာသော ထုတ်ကုန်များရောင်းချသည့်ဆိုင်မှာ အလွန်ပင်နည်း၏။

နံနက်ပိုင်း အစည်ကားဆုံးနေရာ တစ်နေရာမှာ ဟင်းသီးဟင်းရွက်နှင့် သားငါးဈေးဖြစ်၏။ ဤဈေးတွင် ဒေသခံများ မဖြစ်မနေ ဈေးရောင်းဈေးဝယ်ကြ၏။ လာရောက်ရောင်းချသော ဈေးသည်အများစုမှာ မောင်တောမြို့ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများဖြစ်ကြ၏။ ငရုတ်သီး၊ ခရမ်းသီး၊ မန်ကျည်းသီး၊ ကွမ်းသီး၊ ပိန်းဥ အစရှိသော ကုန်စိမ်းများကို လာရောက်ရောင်းချသည်ကို တွေ့ရ၏။ သားငါးဈေးတန်းတွင် ရေငန်ငါးများ အများဆုံးရောင်းချ၏။ ပင်လယ်ခရု၊ ခုံးတို့ကိုလည်း တွေ့ရ၏။ ဤပုံကျဈေးလေးသည် နံနက်ပိုင်းတွင် အထူးစည်ကားသောနေရာတစ်နေရာပင်ဖြစ်၏။



မောင်တောမြို့ ဈေးလမ်းမြင်ကွင်း ။

မွန်းလွဲပိုင်းတွင် ဦးဥတ္တမလမ်းနှင့် ဈေးလမ်း (ဘဏ်လမ်း) တို့သည် အစည်ကားဆုံးနေရာများဖြစ်သည်။ မြို့မဈေးနှင့် ဦးဥတ္တမလမ်းထောင့်တွင် အလယ်အလတ်ရှိ ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များဖြင့် စည်ကားလျက်ရှိ၏။ ဦးဥတ္တမလမ်းတွင် ဒေသခံတိုင်းရင်းသားများနှင့် အခြားဘာသာဝင်တို့၏ ဈေးဆိုင်ခန်းများရှိသည်။ ကုန်စုံဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ဆေးဆိုင်၊ ထမင်းဆိုင်၊ အလှပြင်ဆိုင်များဖြင့် စည်ကားလျက်ရှိ၏။

ဈေးလမ်းတွင်ကား အခြားဘာသာဝင်တို့၏ ဆိုင်များမှာ အများဆုံးဖြစ်၏။ ခရီးဆောင်အိတ်အမျိုးမျိုး၊ မျက်မှန်၊ ဦးထုပ်၊ နာရီ၊ ဖိနပ် အစရှိသော လူသုံးကုန်ပစ္စည်းအများဆုံး ရောင်းချလျက်ရှိသည်။ ဤလမ်းတွင် ရွှေဆိုင်များနှင့် ဘဏ်များကိုလည်း တွေ့ရသည်။ မောင်တောမြို့တွင် အဓိကအားဖြင့် လမ်းမကြီးလေးခုရှိသည်ကို တွေ့ရသည်။ အလောင်းဘုရားလမ်း၊ ဦးဥတ္တမလမ်း၊ ဈေးလမ်းနှင့် ဆောက်လုပ်ရေးလမ်းဟူ၍ ဖြစ်သည်။ ဦးဥတ္တမလမ်းနှင့် ဈေးလမ်းတို့မှာ အစည်ကားဆုံးလမ်းမကြီးများဖြစ်၏။ မောင်တောမြို့အရှေ့ပိုင်း ဘူးသီးတောင်သို့သွားသည့် လမ်းတွင် ဌာနဆိုင်ရာရုံးများရှိသည်။ ဈေးလမ်းထိပ်ရှိ နာရီစင်ကြီးမှာ မြို့၏ ကျက်သရေဆောင်တစ်ခုပင်ဖြစ်၏။ ညနေပိုင်းတွင် မြို့မဈေးနှင့် ဦးဥတ္တမလမ်းထောင့်တွင် ကုန်တင်ကုန်ချပြုလုပ်နေသောယာဉ်များ၊ ဘူးသီးတောင်သို့ထွက်ခွာမည့် ခရီးသည်တင်ယာဉ်များကို တွေ့ရသည်။ ဦးဥတ္တမလမ်းတွင် လေယာဉ်လက်မှတ်၊ ရေယာဉ်လက်မှတ်အရောင်းဆိုင်များကိုလည်း တွေ့ရသည်။ မောင်တောမြို့ပေါ်တွင် ကိုယ်ပိုင်ယာဉ်အသုံးပြုမှုအလွန်နည်း၏။ ဌာနဆိုင်ရာယာဉ်များကိုသာ အများဆုံးတွေ့ရ၏။ စက်ဘီး၊ ဆိုင်ကယ်နှင့်ဆိုက်ကားတို့ကို အသုံးပြုမှုအများဆုံးဖြစ်သည်။

မုန်တိုင်းဆဲသော် လေပြည်လာစမြဲဖြစ်၏။ ယခုအခါ မောင်တောမြို့ပေါ်တွင် သာမက အနီးပတ်ဝန်းကျင်ကျေးရွာများတွင်လည်း တည်ငြိမ်အေးချမ်းမှု အနေအထားကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တရားမဝင်သွားရောက်ခဲ့သည့် ရေလုပ်သား ၉၁ ဦး ပြန်လည်လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တရားမဝင်သွားရောက်ခဲ့ရာမှ ဖမ်းဆီးခံရကာပြစ်ဒဏ်ကျခံပြီးနောက်ပြန်လည်လွတ်မြောက်လာခဲ့သည့် ရေလုပ်သား ၉၁ ဦးကို ယမန်နေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့နယ်စပ်ရှိ နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအနီးတွင် နှစ်နိုင်ငံတာဝန်ရှိသူများ လွှဲပြောင်းလက်ခံပြုလုပ်ခဲ့ကြသည်။

အဆိုပါ ရေလုပ်သားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အီမရန်းအူလာဆာကာနှင့်အဖွဲ့ထံမှ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ရင်းမှ တပ်ရင်းမှူး ယာယီဒုတိယရဲမှူးကြီး လင်းလင်းနိုင်၊ မောင်တောခရိုင်လူဝင်မှုကြီးကြပ်ရေးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့်အဖွဲ့ထံသို့ လွှဲပြောင်းလက်ခံပြုလုပ်ပြီးနောက် တောင်ပြိုလက်ဝဲမြို့ လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးရုံးတွင် လက်ဗွေနှိပ်ခြင်း၊ မှတ်တမ်းတင်ခြင်း စသည်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အသေးစိတ်စိစစ်မှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ရေလုပ်သား ၉၁ ဦးတွင် စစ်တွေမြို့နယ်မှ ၆၂ ဦး၊ ရမ်းဗြဲမြို့နယ်မှ ၂၁ ဦး၊ ပေါက်တောမြို့နယ်မှ ရှစ်ဦး ပါဝင်ရာ ၎င်းတို့အား စစ်တွေမြို့မှတစ်ဆင့် သက်ဆိုင်ရာနေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရသေ့တောင်နှင့်မောင်တောမြို့နယ်တို့မှ မသင်္ကာသူငါးဦးနှင့် နတ်မြစ်အတွင်း၌ လှေဖြင့်တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်သူ ၅၆ဦး ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် ရသေ့တောင်နှင့်မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ငါးဦးနှင့် နတ်မြစ်အတွင်း လှေနှစ်စင်းဖြင့် တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်သူ ၅၆ ဦးအား ဒုတလျှိုဝိုင်စာတန်းပါ ဆေးပြားတစ်သောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း ယမန်နေ့နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းစဉ် ရသေ့တောင်မြို့နယ် ကံဆိပ်ကျေးရွာနေ အဒူလာအား နံနက် ၅နာရီခွဲတွင်လည်းကောင်း၊ မောင်တောမြို့နယ် မောင်နှမ (တောင်) ကျေးရွာနေ ဇာဖော်ရာမောက် အပါအဝင် သုံးဦးအား မွန်းလွဲ ၂နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ ဖားဝပ်ချောင်းကျေးရွာနေ ကာမာအား ညနေ ၅နာရီတွင်လည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်တစ်လျှောက် ကင်းလှည့်စဉ် ယမန်နေ့ည ၈ နာရီခွဲက မသင်္ကာဖွယ်လှေနှစ်စင်းကိုတွေ့ရှိသဖြင့် မီးအချက်ပြပြီးခေါ်ရာ လာရောက်ခြင်းမရှိ၍ လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးရာမှ တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်သူ ၅၆ ဦးနှင့်အတူ ဒုတလျှိုဝိုင်စာတန်းပါ ဆေးပြားတစ်သောင်းခန့်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ခေတ္တထိန်းသိမ်းကာ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ပခုက္ကူမြို့ အမှတ် (၁)ရပ်ကွက် ဗုဒ္ဓကုန်းရပ်ရှိ ပြည်သာယာခန်းမရှေ့၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် အလှူရှင်များက တပ်မတော်သားများအတွက် အလှူငွေ ကျပ် ၂၄၃၀၀၀၀၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် ကျပ် ၁၂၉၄၂၀၀၊ ဒေသခံပြည်သူများအတွက် ကျပ် ၂၄၄၀၀၀၀ စုစုပေါင်း ကျပ် ၆၁၆၄၂၀၀ ကို လှူဒါန်းကြသည်။

နိုဝင်ဘာ ၁၂ ရက်ကလည်း ပထမအကြိမ်အဖြစ် တပ်မတော်သားများအတွက် ကျပ် ၃၀၂၀၀၀၀၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် ကျပ် ၁၁၀၀၀၀၀၊ ဒေသခံပြည်သူများအတွက် ကျပ် ၃၅၀၀၀၀ နှင့် စားသောက်ကုန် ငွေကျပ် ရှစ်သိန်းဖိုးခန့်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လယ်သမားများ၏ ဘဝကို သရုပ်ဖော်ထားသည့် “ငဘ” ရုပ်ရှင်ဇာတ်ကားကြီး ရုံတင်ပြသတော့မည်

ပညာမတတ်သော ဆင်းရဲသား လယ်သမားတို့၏ အဖိနှိပ်ခံဘဝများ၊ မြန်မာပြည်သူအများစုဖြစ်သော လယ်သမားများ၏ စစ်၏အနိဋ္ဌာရုံကြောင့် ပင်ပန်းဆင်းရဲခဲ့ရသည့် ဘဝများကို သိရှိခံစားစေပြီး မြန်မာ့သမိုင်း၏ တစ်စိတ်တစ်ဒေသကို မှတ်တမ်းတင်ထားသည့် ‘ငဘ’ ရုပ်ရှင်ဇာတ်ကားကြီးကို မကြာမီ ရုပ်ရှင်ပိတ်ကားထက်တွင် ရှုစားကြရတော့မည်ဟု သိရသည်။

ယင်းဇာတ်ကားကြီးတွင် ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ကိုလိုနီခေတ်အတွင်း စစ်ဖြစ်၍ ခေတ်တစ်ခေတ်မှ တစ်ခေတ်သို့ ပြောင်းချိန်တွင် ပြည်သူလူထုမှာ အတိဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေရကြောင်းနှင့် လူအချင်းချင်း ရက်စက်မှုဘေးမှ တားဆီးဆန့်ကျင်ရေး၊ ငြိမ်းချမ်းစွာ နေထိုင်ရေးစသည်တို့ကို အထူးတလည် ဖော်ပြထားသည့် ဇာတ်ကားဖြစ်သည်။

“ကျွန်တော်တို့က ရုပ်ရှင်ကြည့် ပရိသတ်တွေအတွက် စိတ်ပျော်ရွှင်အပန်းဖြေစေဖို့ ရည်ရွယ်ပြီး ဇာတ်ကားရိုက်ကူးကြသလို တစ်ခါတစ်ရံ ဗဟုသုတ ရရှိစေတဲ့ တိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးရှိမယ့် ဇာတ်ကားတွေ ရိုက်ကူးကြဖို့လည်း လိုအပ်ပါတယ်။ ‘ငဘ’ ရုပ်ရှင်ဇာတ်ကားကြီးက စစ်မှန်တဲ့ဖြစ်ရပ်မှန်တွေပေါ် အခြေခံရိုက်ကူးထားတာပါ။ ဒါတွေကို ယနေ့ခေတ် လူငယ်လူရွယ်တွေ သိမြင်ခံစားစေပြီး မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်လာစေဖို့ ရည်ရွယ်ရိုက်ကူးခဲ့တာပါ”ဟု သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော်(စိတ်ပညာ)က ပြောသည်။

ဂန္ထဝင်စာရေးဆရာကြီး မောင်ထင် ရေးသားခဲ့သည့် ယင်းဝတ္ထု ‘ငဘ’ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရုတ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည့်အပြင် ဗြိတိသျှဘားမားကလည်း ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ယခုအခါ သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော် (စိတ်ပညာ)က ပြန်လည် စီစဉ်ထုတ်လုပ်ပြီး ဒါရိုက်တာ ခင်စောမျိုးရိုက်ကူးထားသည်။ ‘ငဘ’ အဖြစ် အကယ်ဒမီ ကျော်သူက အထူးပါဝင်သရုပ်ဆောင်ထားပြီး အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ မင်းဦး၊ နေမျိုးအောင်၊ မိုးယံဇွန်၊ အေးမြတ်သူ၊ ဗေလုဝ၊ ခင်လှိုင်၊ ဇော်ဦး စသည့်သရုပ်ဆောင်များစွာ ပါဝင်သည်။ ယင်းအပြင် ရုပ်သံပိုင်းတွင်လည်း Yangon Post မှ နိုင်ငံခြားသားပညာရှင်များနှင့်လည်း ပူးပေါင်းဖန်တီးထားပြီး နောက်ခံတေးဂီတပိုင်းတွင်လည်း ဂီတပညာရှင် မိရာမိုရ်ရက ဇာတ်လမ်းနှင့်လိုက်ဖက်အောင် တီးခတ်ပေးထားကြောင်းလည်း သိရသည်။

**ခင်ဇာလီ**



‘ငဘ’ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းအား တွေ့ရစဉ်။



## ၂၀၁၆ ရဲ့ ဗစ်တိုးရီးယားစီးခရက်ထ်ဖက်ရှင်ပြပွဲနဲ့အတူ အိပ်မက်တွေပြည့်စုံခဲ့ပြီဖြစ်တဲ့ ဂျီဂျီဟာဒစ်ဒ်နဲ့ ဘယ်လာဟာဒစ်ဒ်

ဟောလိဝုဒ်ရဲ့ထိပ်တန်းမော်ဒယ်လ်နှစ်ဦးဖြစ်တဲ့ ဂျီဂျီဟာဒစ်ဒ်နဲ့ ဘယ်လာဟာဒစ်ဒ်တို့ညီအစ်မနှစ်ဦးဟာ ၂၀၁၆ ခုနှစ်အတွက် ကျင်းပခဲ့တဲ့ ဗစ်တိုးရီးယားစီးခရက်ထ်ဖက်ရှင်ပြပွဲမှာ နှစ်ဦးစလုံး အတူပါဝင်လျှောက်လှမ်းခဲ့ပြီးနောက် သူတို့နှစ်ဦးရဲ့ ငယ်စဉ်ကတည်းကရှိခဲ့တဲ့ အိပ်မက်တွေ ပြည့်စုံသွားခဲ့ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျီဂျီနဲ့ ဘယ်လာတို့နှစ်ဦးဟာ လွန်ခဲ့တဲ့ ၁၇ နှစ်ခန့်က အတောင်ပံလေးတွေဝတ်ဆင်ကာ နတ်သမီးတွေကဲ့သို့ နှစ်ဦးသားအတူ ဓာတ်ပုံရိုက်ခဲ့ကြပြီး ယခုနှစ်ဖက်ရှင်ပြပွဲမှာ နှစ်ဦးစလုံး ဗစ်တိုးရီးယားစီးခရက်ထ်ရဲ့ နတ်သမီးတွေအဖြစ် တောင်ပံတွေပါဝင်တဲ့ဝတ်စုံတွေဝတ်ဆင်ကာ လျှောက်လှမ်းခွင့်ရခဲ့ပါတယ်။ ဒီလိုနတ်သမီးဝတ်စုံကို ဝတ်ဆင်ခွင့်ရခဲ့တာကြောင့် လွန်ခဲ့တဲ့ ၁၇ နှစ်က သူတို့နှစ်ဦးရဲ့ အိမ်မက်ဟာ တကယ်လက်တွေ့ဖြစ်လာခဲ့ပြီဖြစ်ကြောင်း သူတို့နှစ်ဦးရဲ့ မိခင်ဖြစ်သူက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ လွန်ခဲ့တဲ့ ၁၇ နှစ်က ရိုက်ကူးခဲ့တဲ့ အဆိုပါဓာတ်ပုံဟောင်းနဲ့အတူ သမီးတွေအတွက် ဂုဏ်ယူမိကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်တွေမှာ ကျင်းပခဲ့တဲ့ ဗစ်တိုးရီးယားအမှတ်တံဆိပ်အဝတ်အစားများအတွက် ဖက်ရှင်ပြပွဲတွေမှာလည်း ဂျီဂျီဟာဒစ်ဒ်နဲ့ ဘယ်လာဟာဒစ်ဒ်တို့ ညီအစ်မနှစ်ဦး ပါဝင်လျှောက်လှမ်းခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ်တွင်မှ သူတို့နှစ်ဦးစလုံး နတ်သမီးဝတ်စုံကို ဝတ်ဆင်လျှောက်လှမ်းခွင့်ရခဲ့တာဖြစ်ပါတယ်။ အတောင်ပံတွေပါတဲ့ အဆိုပါနတ်သမီးဝတ်စုံမျိုးကို ဟောလိဝုဒ်ရဲ့ ထိပ်တန်းမော်ဒယ်တွေသာ ဝတ်ဆင်ခွင့်ရတာဖြစ်ကြောင်းလည်း သိရပါတယ်။ ယခုနှစ်ပွဲမှာ ဂျီဂျီကို အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ နတ်သမီးတစ်ပါးအဖြစ် မြင်တွေ့ခဲ့ရတာဖြစ်ပြီး ဘယ်လာကတော့ အပြာရောင်စီးကွမ့်တွေအများကြီးပါဝင်တဲ့ နတ်သမီးဝတ်စုံကို ဝတ်ဆင်လျှောက်လှမ်းခဲ့တာဖြစ်ပါတယ်။

ယခုနှစ်အတွက် ဗစ်တိုးရီးယားစီးခရက်ထ်ဖက်ရှင်ပြပွဲကို ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ပဲရစ်မှာ ကျင်းပခဲ့တာဖြစ်ပြီး ကန်ဒဲလ်ဂျန်ဒါနဲ့အရီနာရှေ့ဗ်တို့လို ဟောလိဝုဒ်ရဲ့ထိပ်တန်းမော်ဒယ်တွေ ပါဝင်လျှောက်လှမ်းခဲ့ကာ လေဒီဂါဂါနဲ့ သယ်ဝိခ်ကန်းဒ်အပါအဝင် အခြားသော ပေါ့ပ်ကြယ်ပွင့်တွေ ပါဝင်ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။ **အေးပြည့်**

## ပရင့်စ်အတွက် အမှတ်တရ ဖျော်ဖြေပွဲကို လေးရက်ကြာ ကျင်းပမည်

ကွယ်လွန်သွားပြီဖြစ်တဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ပရင့်စ် ကွယ်လွန်ခြင်းတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တေးဂီတဖျော်ဖြေပွဲတစ်ခုကို ကျင်းပသွားဖို့ စီစဉ်ထားကြောင်း ပြီးခဲ့တဲ့ တနင်္လာနေ့က ထုတ်ပြန်ပြောကြားခဲ့တယ်လို့ စီဘီစီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဖျော်ဖြေပွဲကို အမေရိကန်နိုင်ငံ မင်နီစိုးတားပြည်နယ်မှာရှိတဲ့ ပရင့်စ်ပိုင် စတူဒီယိုဝင်းအတွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး လေးရက်ကြာကျင်းပသွားဖို့ စီစဉ်ထားတယ်လို့ အဆိုပါပွဲကို စီစဉ်သူတွေက ပြောကြားခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းက ပရင့်စ်ရဲ့ ပရိသတ်တွေအတွက် ရည်ရွယ်ကျင်းပပေးမယ့် အဆိုပါဖျော်ဖြေပွဲကို လာမယ့် ၂၀၁၇ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပပေးသွားမှာဖြစ်ပြီး လေးရက်ဖျော်ဖြေပွဲရဲ့လက်မှတ်တစ်စောင်ကို အမေရိကန်ဒေါ်လာ ၄၉၉ ဒေါ်လာနဲ့ ရောင်းချသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။ ယင်းဖျော်ဖြေပွဲမှာ ပရင့်စ်တည်ထောင်ထားတဲ့ တေးဂီတတီးဝိုင်းတွေနဲ့ အခြားသော တေးသံရှင်တွေက ပါဝင်ဖျော်ဖြေသွားမှာဖြစ်ပြီး ပါဝင်ဖျော်ဖြေကြမယ့်တေးသံရှင်တွေကိုတော့ နောက်ပိုင်းမှာ အတိအကျထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။

“Purple Rain”နဲ့ “When Doves Cry”စတဲ့ တေးသီချင်းတွေနဲ့ လူသိများခဲ့တဲ့ ပေါ့ပ်အဆိုတော် ပရင့်စ်ဟာ ပြီးခဲ့တဲ့ ဧပြီ ၂၁ ရက်က ဆေးလွန်ကာ သေဆုံးခဲ့တာဖြစ်ပါတယ်။ သူကွယ်လွန်ချိန်မှာတော့ အသက် (၅၇)နှစ်ရှိပြီဖြစ်ပါတယ်။ သူကွယ်လွန်ပြီးတဲ့နောက် သူ့ရဲ့ပရိသတ်တွေ အလွမ်းပြေကြည့်ရှုနိုင်ဖို့ ပရင့်စ်ရဲ့ စတူဒီယိုကို အများပိုင်နေရာတစ်ခုအဖြစ်သတ်မှတ်ကာ ပြီးခဲ့တဲ့လအတွင်းက ဖွင့်လှစ်ပေးခဲ့ပြီး မည်သူမဆို သူ့ရဲ့ ဂီတနဲ့ပတ်သက်တဲ့အမှတ်တရပစ္စည်းတွေကို အဆိုပါစတူဒီယိုမှာ လာရောက်လေ့လာနိုင်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်**



## ဝိန်းရွန်းနီအတွက် ဆုတစ်ဆုပေးခဲ့တဲ့ ရော်ဘီဝီလီယမ်စ်

တေးဂီတလောကမှာ အောင်မြင်မှုတွေရခဲ့တဲ့ တေးသံရှင် ရော်ဘီဝီလီယမ်စ်က သူ့ရဲ့ဂီတသက်တမ်းတစ်လျှောက် ဗြိတိန်ဆုပေးပွဲမှရရှိခဲ့တဲ့ ဆုတွေအနက် တစ်ဆုကို မန်ချက်စတာယူနိုက်တက်ကစားသမား ဝိန်းရွန်းနီကို ပေးခဲ့တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ကြောင်း စကိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

တေးဂီတဇာတ်ယားတွေရဲ့ထိပ်ဆုံးမှာ အကြိမ်များစွာရပ်တည်နိုင်ခဲ့တဲ့ ရော်ဘီဝီလီယမ်စ်ဟာ သူ့ဘဝသက်တမ်းတစ်လျှောက် ဗြိတိန်ဆုပေးပွဲကြီးက ချီးမြှင့်တဲ့ တေးဂီတထူးချွန်ဆု ၁၇ ဆုကို ပိုင်ဆိုင်နိုင်ခဲ့တဲ့အတွက် ထိုဆုတွေအတွက် ရရှိခဲ့တဲ့ ဆုတံဆိပ် ၁၇ခုအနက် တစ်ခုကို ဝိန်းရွန်းနီကို လက်ဆောင်ပေးခဲ့တယ်လို့ ရေဒီယိုတိုင်းမ်မဂ္ဂဇင်းကို ဖွင့်ဟခဲ့တာ ဖြစ်ပါတယ်။

အသက် (၄၂)နှစ်အရွယ် ရော်ဘီဝီလီယမ်စ်က သူ့ရဲ့ဆုတွေအနက်က တစ်ဆုကို ဖခင်ဖြစ်သူကိုပေးခဲ့ပြီး နှစ်ဆုကိုတော့ မိခင်ဖြစ်သူကို ပေးခဲ့တယ်လို့ ဆိုပါတယ်။ ဝိန်းရွန်းနီကိုတော့ သူ့ရဲ့ကစားပွဲအတွင်း ဒဏ်ရာရခဲ့ပြီးတဲ့နောက် ယခုလိုဆုကို လက်ဆောင်အဖြစ်ပေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်းနဲ့ သူ့အနေနဲ့ ထူးချွန်ဆုတွေအကုန်လုံးကို သိမ်းဆည်းထားဖို့ မလိုအပ်ဘူးလို့ ထင်တာကြောင့် ယခုလို အခြားသူတွေကို ပေးခဲ့တာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။



ရွန်းနီကလည်း ရောဘီဝီလီယမ်စ်ဆီကို သူ့ရဲ့လက်မှတ်ပါရှိတဲ့ အားကစားဖိနပ်တစ်စုံကို လက်ဆောင်အဖြစ်ပေးခဲ့ဖူးကြောင်းလည်း ဗြိတိန်အဆိုတော်က ဖွင့်ဟခဲ့ပါတယ်။

**အေးပြည့်**

## မြဝတီရုပ်မြင်သံကြား

၂-၁၂-၂၀၁၆

နံနက်ပိုင်း
၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၅ ခမ္မပူဇာတေး
၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ **DVD Hits**
၈း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၉း၂၀ အမှတ်တရနေ့ရက်လေးများ
၉း၄၀ ကျန်းမာသုတ
၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၁၅ **Books Guide**
၁၀း၂၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ ဘောလုံးကန်ကြမယ်
၁၁း၂၀ မြန်မာ့ရှုခင်း
၁၁း၃၅ **Sportcast**
၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၁၁း၅၅ ဇာတ်လမ်းတို
၁၂း၂၅ **Cooking Art**
၁၂း၃၅ **DVD Hits**
၄း၂၅ ခံစားနားဆင် လက်ာဝတ်ရည်တေးသံစဉ်
၄း၄၅ **Sportcast**
၅း၂၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၃၅ ရောင်စုံဖြာဝေဂျပန်မြေ
၅း၄၅ လည်မယ် . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆း၃၀ “ရွာ“ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာမိုးဇော်ကို
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သံသရာတစ်ကွေ့ဝယ် အပိုင်း(၆ )




## မြန်မာ-ထိုင်း-လာအို နိုင်ငံတကာနှင့် ပြည်တွင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁**

နိုင်ငံတကာနှင့် ပြည်တွင်းမြန်မာ့ရိုးရာလက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့အထူးစိန်ခေါ်ပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ-ထိုင်း-လာအို နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစဉ်လေးပွဲနှင့် ပြည်တွင်းစိန်ခေါ်ပွဲလေးပွဲတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H& S Group တို့က တာဝန်ယူစီစဉ်ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြည်တွင်းပွဲစဉ်များတွင် ရွှေဖားစည် (မြိုင်ကလေးဘီလပ်မြေစက်ရုံ) နှင့် အံဘွား(ယူနိုက်တက် မန္တလေး)၊ စိုးမိုးနိုင်(သထုံ T& T) နှင့် စောလှမင်း(မြိုင်ကလေးဘီလပ်မြေစက်ရုံ)၊ ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်ကလပ်)နှင့် သျှင်ရဲထွဋ်(အဖြူရောင်သွေးသစ်)၊ စောထူးဇော်(ဒို့ရိုးရာ)နှင့် ညဏ်လင်းအောင်(မြိုင်ကလေးဘီလပ်မြေစက်ရုံ)၊ တွဲထိုင်းတို့က ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုင်ငံတကာလက်ဝှေ့အထူးစိန်ခေါ်ပွဲများအနေဖြင့် မိုးဟိန်း (မြိုင်ကလေးဘီလပ်မြေစက်ရုံ)နှင့် ဆွမ်ဘောင်း(လာအို)၊ ရဲသွေးနီ(တောင်ကလေး)နှင့် ကောင်း(လာအို)၊ သပြေညို(မြိုင်ကလေးဘီလပ်မြေစက်ရုံ)နှင့် ဝမ်သီပေါင်(ထိုင်း)၊ စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ပက်ထွန်ဆူစာကော(ထိုင်း)တို့က ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

"စိုးလင်းဦးနဲ့ ထိုးမယ့် ပက်ကွန်ဆူစာကောက ထိုင်းမှာ မက်မွေထိုင်း၊ ဆူပါမွေထိုင်းနဲ့ ထိုင်းတိုက်ပွဲစဉ်တွေမှာ ဆုငါးဆုလောက်ရထားတဲ့သူပဲ၊ ရိုးရာလက်ဝှေ့အတွေ့အကြုံတော့ မရှိသေးဘူး။ သပြေညိုနဲ့ထိုးမယ့်ဝမ်သီပေါင်ကတော့ မြန်မာ့လက်ဝှေ့ကို နှစ်ကြိမ်ထိုးထားဖူးတယ်။ ရဲမြတ်အောင်နဲ့သတ္တိအောင်တို့ကိုအစီးသရေနဲ့ထိုးထားတဲ့ လက်ဝှေ့သမားဖြစ်တဲ့အတွက် ကြည့်ကောင်းမှာပါ။ "ရဲသွေးနီနဲ့ထိုးမယ့်ကောင်းက သောင်ပြင်နဲ့ ဘုရားသုံးဆူမှာ မိုက်ရိုင်းကို အစီးသရေနဲ့ထိုးထားဖူးတဲ့ လက်ဝှေ့သမားကောင်းတစ်ယောက်ပါ။ ဒီလိုအတွေ့အကြုံကောင်းတွေရှိထားတဲ့ တွဲဆိုင်းတွေကြောင့် ကြည့်ကောင်းမယ်လို့ယုံကြည်ပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဦးစိုင်းဇော်ဇော်က ပြောကြားသည်။

ကြိုတင်လက်မှတ်များကို ကျပ် ၃၀၀၀၀၊ ၂၅၀၀၀ကျပ်နှင့် ကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး ဇော်ပစ်တိုင်းထောင်ဗီဒီယိုအမှတ်(၂၆၂/၂၃၂) ပထမထပ် ၃၆ လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ခင်မောင်ဝင်း**

# တတိယအကြိမ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

(၂၉)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ အောင်မြင်မှုများရရှိစေရန် ရည်ရွယ်၍ စက်တင်ဘာလတွင် ပထမအကြိမ်နှင့် အောက်တိုဘာလတွင် ဒုတိယအကြိမ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး တတိယအကြိမ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၉ နှင့် ၃၀ ရက်တို့တွင် နံနက် ၈ နာရီခွဲမှစ၍ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပခဲ့သည်။



တတိယအကြိမ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ၏ Recurve အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် Compound အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲများအပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Recurve အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲတွင် ပထမ အမျိုးသား (က)အသင်း၊ ဒုတိယ အမျိုးသား (ခ) အသင်းနှင့် Compound အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ အမျိုးသား အသင်းတို့အား အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ဆုများကိုလည်းကောင်း၊ Compound အမျိုးသား တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမ ရဲမင်းဆွေ၊ ဒုတိယ ရှိန်းထက်ကျော်၊ တတိယ နောင်ကြာနှင့် Compound အမျိုးသမီး တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမ လှလှစံ၊ ဒုတိယ ယောစိမ်းယ၊ တတိယ လဲ့လဲ့နိုင်စိုးတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဆုများကိုလည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။

Recurve အမျိုးသမီး တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ သီတာလွင်၊ ဒုတိယ ခင်လေးလွင်၊ တတိယ စန်းယုထွေးနှင့် Recurve အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ထိုက်လင်းဦး၊ ဒုတိယ အောင်တင်ဖြိုး၊ တတိယ ကောင်းခန့်မော်တို့အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက ဆုများကိုလည်းကောင်း၊ Recurve Mix Team ရှုံးထွက်ပြိုင်ပွဲတွင် ပထမ ထိုက်လင်းဦး၊ စန်းယုထွေးအတွဲ၊ ဒုတိယ ကောင်းခန့်မော်၊ သီတာနွယ်အတွဲ၊ တတိယ အောင်တင်ဖြိုး၊ ဇာခြည်ဝင်းအတွဲနှင့် Compound Mix Team ရှုံးထွက်ပြိုင်ပွဲတွင် ပထမ ရှိန်းထက်ကျော်၊ ယောစိမ်းယအတွဲ၊ ဒုတိယ ရဲမင်းဆွေ၊ လှလှစံ အတွဲ၊ တတိယ မြတ်ဇော်ထွန်း၊ လဲ့လဲ့နိုင်စိုးအတွဲတို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

| အား ကစား လောက သတင်းတို | |
|---|---|
| | ➢ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂွန်တယ်ရီအား တရုတ်ကလပ်အသင်းသုံးသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ |
| | ➢ မန်ယူအသင်းသည် ဘာစီလိုနာတိုက်စစ်မှူး နေမာအား ပေါင်သန်း ၁၈၀ ပေး၍ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသော်လည်း အသက်(၂၄)နှစ်အရွယ် နေမာကမူ လာလီဂါ၌သာ ကစားသမားဘဝအဆုံးသတ်မည်ဟု ဆိုသည်။ |
| | ➢ ပီအက်စ်ဂျီအသင်းသည် မန်ယူအသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသည့် ပြင်သစ်ကြယ်ပွင့် မာရှယ်အား ပြင်သစ်မြေသို့ အရောက်ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။ |

# အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့်တွင် မန်ယူနှင့် ဟားစီးတီး၊ လီဗာပူးနှင့် ဆောက်သမ်တန်တွေ့မည်

အီးအက်ဖ်အယ်လ်ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ မန်ယူအသင်း၊ လီဗာပူးအသင်း၊ ဟားစီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့တက်ရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် မန်ယူအသင်းနှင့် ဟားစီးတီးအသင်း၊ လီဗာပူးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

မန်ယူအသင်းသည် နိုဝင်ဘာ ၃၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပွဲစဉ်တွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်နှင့် တိုက်စစ်မှူး မာရှယ်တို့က မန်ယူအသင်းအတွက် နှစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အိမ်ကွင်းနောက်ဆုံးကစားခဲ့သည့် လိဂ်ဖလားပွဲစဉ် ၂၅ ပွဲတွင် တစ်ပွဲသာရှုံးပွဲကြုံခဲ့သည့်မှတ်တမ်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့သည်။ မန်ယူအသင်းသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလအတွင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ကစားခဲ့သည့်လိဂ်ပွဲစဉ် ၂၅ ပွဲတွင် ၂၃ ပွဲအနိုင်ရရှိထားကာ သရေပွဲတစ်ပွဲထွက်ပေါ်ထားခဲ့သည်။

ဝက်စ်ဟမ်းအသင်းမှာမူ အဝေးကွင်းနောက်ဆုံးကစားခဲ့သည့် လိဂ်ဖလားပွဲစဉ် ၁၂ ပွဲတွင် ၁၀ ပွဲအထိ ရှုံးနိမ့်ခဲ့ပြီး နှစ်ပွဲသာအနိုင်ရရှိထားခဲ့သည့်အသင်းဖြစ်သည်။ မန်ယူအသင်း အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့် သို့ တက်ရောက်နိုင်ရေးအတွက် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် လေးပွဲတွင် ငါးဂိုးအထိရရှိအောင် ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းနှင့် ထိပ်တိုက်တွေ့ဆုံမည့် ဟားစီးတီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် နယူးကာဆယ်အသင်းအား အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်အတွင်းကမူ နောက်ဆုံး ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည့်အသင်းတစ်သင်း ဖြစ်သည်။



ဆောက်သမ်တန်အသင်းသည် အီးအက်ဖ်အယ်လ်ကွာတားဖိုင်နယ်အဆင့်တွင် အာဆင်နယ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် လီဗာပူးအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ရာ အဆိုပါ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ဇန်နဝါရီ ၉ ရက်နှင့် ၂၃ ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

## ဝက်စ်ဟမ်းတိုက်စစ်မှူး ဆာခို ခြောက်ပတ်ကြာအနားယူရမည်

ဝက်စ်ဟမ်းအသင်းနှင့် ဆီနီဂေါအသင်းတို့၏ တိုက်စစ်မှူး ဆာခိုသည် ပေါင်ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းကြောင့် သတင်းပတ်ခြောက်ပတ်ကြာအထိ အနားယူရမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက အတည်ပြုပြောကြားခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာခိုသည် မန်ယူအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁၃)တွင်လည်း ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးတစ်ဂိုးရယူပေးနိုင်ခဲ့သည်။

ဆာခိုသည် ကျောဒဏ်ရာရရှိနေရာမှ နိုဝင်ဘာ ၁၉ ရက်က စပါးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းနှင့်အတူ ပြန်လည်ပါဝင်လာခဲ့ပြီး မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း ပွဲကစားချိန် ၆၆ မိနစ်တွင် လူစားလဲကစားခဲ့ရသည်။

လက်ရှိတွင် တိုက်စစ်မှူး ဆာခိုသည် ဒဏ်ရာပြဿနာကြုံနေခြင်းကြောင့် ဝက်စ်ဟမ်းအသင်းနည်းပြ ဘီလစ်က ဆာခိုမှာ သီတင်းပတ်ခြောက်ပတ်အထိ အနားယူရလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆီနီဂေါ တိုက်စစ်မှူး ဆာခိုသည် ဇန်နဝါရီလအတွင်း ယှဉ်ပြိုင်ကစားမည့် အာဖရိကဖလားပြိုင်ပွဲတွင်မှ ပြန်လည်ပွဲထွက်လာနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ **ငွေကြယ်**

# စာရေးဆရာ၊ သတင်းစာဆရာမကြီး လူထုဒေါ်အမာ၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် တောင်လေးလုံးကျောင်းတိုက်၌ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁**

ပြည်သူချစ်သော စာရေးဆရာ၊ သတင်းစာဆရာမကြီး လူထုဒေါ်အမာ၏ နိုဝင်ဘာ ၂၉ ရက်နေ့တွင် ရောက်ရှိသည့် ၁၀၁ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မန္တလေး အမရပူရ တောင်လေးလုံးကျောင်းတိုက်၌ ထိုနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က အမေမာ မျှော်လင့်နေသည့် ငြိမ်းချမ်းရေးအောင်မြင်စေရန်အတွက် အားလုံးက ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ယင်းအခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်က တောင်လေးလုံးကျောင်းတိုက်သည် စာပေပညာအပြင် နိုင်ငံရေးအရလည်း ထင်ရှားသည့် ဗဟိုချက်မဌာနကြီးတစ်ခုဖြစ်ပြီး လူထုဒေါ်အမာသည်လည်း စာပေဖြင့်သာမက နိုင်ငံရေးအရလည်း တာဝန်ကျေပွန်သူတစ်ဦးဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

“အမေမာရဲ့စာတွေကြောင့် ကျွန်တော်တို့ဟာ နိုင်ငံနဲ့ လူမျိုးအပြင် ယဉ်ကျေးမှုအမွေအနှစ်တွေ ထွန်းကားတဲ့ မန္တလေးမြို့တော်ကြီးကို ပိုမိုချစ်ခင်စိတ်တွေ တိုးပွားလာပါတယ်” ဟု ၎င်းက ပြောသည်။

ဆရာမကြီးမွေးနေ့ကို အသက် ၇၀ ပြည့်နှစ်မှစတင်၍ အသက်ထင်ရှားရှိစဉ်ကအတိုင်း ဆရာမကြီးကို ချစ်ကြည်လေးစားသော စာပေအသိုင်းအဝန်း တပည့်၊ သားသမီး၊ မြေးမြစ်များက နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ မွေးနေ့အထိမ်းအမှတ်အဖြစ် တောင်လေးလုံးကျောင်းတိုက်တွင် သံဃာတော် ငါးပါးအားဆွမ်းကပ်ခြင်း၊ တက်ရောက်လာသူများအား ထမင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည့်အပြင် ကဗျာဆရာကြီးကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာ ညီစေမင်း၊ ဆရာစိုးနိုင်(မန္တလေးတက္ကသိုလ်)တို့က အမှတ်တရစကားပြောကြားခဲ့သည်။

“အမေမာက ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့ စာပေပညာရှင်ကြီးပါ။ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေတဲ့ ယဉ်ကျေးမှုပုံစံတွေကို အမေမာသာရှိခဲ့ရင် ရင်ထုမနာဖြစ်ရမှာ။ ခုစာပေလောကမှာလည်း အမေမာလိုပုဂ္ဂိုလ်မျိုး မရှိတော့လို့ ဆုံးမမယ့်သူမရှိဖြစ်နေတယ်”ဟု ဆရာညီစေမင်းက ပြောသည် ။

စာရေးဆရာဆူးငှက်ကလည်း “ဆရာမကြီးကို စာပေအသိုင်းအဝန်းက သတိတရနဲ့ဂုဏ်ပြုကြတယ်။ လူထုဒေါ်အမာဆိုတဲ့ အမည်အတိုင်း လူထုအတွက် အကျိုးပြုစာပေတွေ ရေးသားခဲ့လို့ ယနေ့ထိ ဂုဏ်ပြုခံနေရတာပါ။ ဒါကြောင့် ပြည်သူကို ကိုယ်စားပြုတယ်ဆိုတဲ့ မည်သည့်အဖွဲ့အစည်းမဆို အောက်ခြေဆင်းပြီး အမှန်တကယ် ပြည်သူအတွက်ဆောင်ရွက်နိုင်ကြမယ်ဆိုရင် ဂုဏ်ပြုခံကြရမယ်ဆိုတာ ဒီမွေးနေ့ကနေ သင်ခန်းစာယူရမှာပါ”ဟုပြောကြားသည်။

ဆရာမကြီး လူထုဒေါ်အမာသည် မြန်မာစာပေလောက၏ မီးရှူးတန်ဆောင်ဖြစ်၍ ၂၀၀၈ ခုနှစ်ဧပြီလ ၇ ရက်နေ့ အသက် ၉၃ နှစ် အရွယ်တွင်ကွယ်လွန်ခဲ့ပြီး ထင်ရှားသည့်စာပေများမှာ မြန်မာပြည်တွင်စစ်ဆေးခဲ့သော အမှုအခင်းများ (၁၉၃၈)၊ စန္ဒမာလာ(၁၉၄၀)၊ ပြည်သူချစ်သော အနုပညာသည်များ (၁၉၆၄)၊ ဘဝချင်းမတူသည့် တရုတ်ပြည်(၁၉၆၆)၊ အောင်ဗလဖိုးစိန်၊ စိန်ကတုံး(၁၉၆၇)၊ ရွှေရိုးဦးဘကလေး (၁၉၆၉)၊ ရွှေမန်းတင်မောင်(၁၉၇၀)၊ အငြိမ့် (၁၉၇၃)၊ ရွှေဒေါင်းတောင်ဆောင်းပါးများ (၁၉၇၅)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း(၁၉၇၆)၊ အာဖရိကဝတ္ထုတိုများ (၁၉၈၉)၊ မန္တလေးသူမန္တလေးသားများ(၁၉၉၀)၊ ထိုင်းဝတ္ထုတိုများ(၁၉၉၂)၊ ထိုင်းဝတ္ထုတိုများ-၂(၁၉၉၃)၊ ရတနာပုံမန္တလေး(၁၉၉၃)၊ သာသနာ့တန်ဆောင်ဆရာတော်ကြီးများ (၁၉၉၄)၊ ကျွန်မတို့ငယ်ငယ်က(၁၉၉၄)၊ အမေ့ရှေးစကား(၁၉၉၇)တို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) အား ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြား

**မန္တလေး ဒီဇင်ဘာ ၁**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်လက်ရာများ၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို လေ့လာနိုင်ရန် နိုင်ငံခြားသားခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ မြန်မာအနုပညာ ဗိသုကာလက်ရာများ စံပြုကျောင်းဖြစ်သော မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) အား ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက် လေ့လာမှုများပြားလျက်ရှိသည်။



ရွှေကျောင်းကြီးသို့ လာရောက်လည်ပတ်လျက်ရှိသော အီတလီနိုင်ငံသား Mr. Prati Matteo အား ခရီးသွားဧည့်လမ်းညွှန်မှ တစ်ဆင့်မေးမြန်းရာတွင် “ဒီသစ်သားကျောင်းကြီးကို သွားရောက်လေ့လာမယ်ဆိုတော့ ရိုးရိုးသာမန်လောက်ပဲထင်တာပါ။ အခုအနီးကပ်မြင်ရတော့ များစွာအံ့ဩမိကြောင်း၊ လာရောက်လေ့လာရတဲ့အတွက် ကျေနပ်မိကြောင်း၊ ကျောင်းကြီးရဲ့အတွင်းရော အပြင်မှာ ပြုလုပ်ထားတဲ့ အနုစိတ်အနုပညာ လက်ရာများမှာ အလွန်ပဲကောင်းမွန်ကြောင်း၊ ပန်းချီ၊ ပန်းပု အနုပညာဗိသုကာလက်ရာတွေ အနီးကပ်တွေ့ရတဲ့အတွက် အရမ်းသဘောကျမိကြောင်း၊ ကျောင်းကြီး တည်ဆောက်ပုံနှင့် အနုပညာလက်ရာများအား စနစ်ကျကြောင်း၊ ရှေးခေတ် မြန်မာပညာရှင်များရဲ့ အနုပညာလက်ရာများအားများစွာ အံ့ဩမိကြောင်း” ၎င်းကပြောသည်။

ရွှေကျောင်းဟု လူသိများသော ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း ၁၃၀ ကျော်သက်တမ်းရှိပြီး ကုန်းဘောင်ခေတ် ၁၉ ရာစု မြန်မာအနုပညာဗိသုကာလက်ရာ စံပြုကျောင်းကြီးဖြစ်သည်။ ရွှေနန်းတော်ကြီးမှာ အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။ ကျောင်းကြီး တစ်ဆောင်လုံးတွင် အရှေ့အနောက်တိုင် ၁၅ လုံးတန်းနှင့် တောင်မြောင် ၁၀ လုံးတန်းရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀၊ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင် နှင့် သရက်ကင်းအုတ်လှေကားငါးစင်းဖြင့် တည်ဆောက်ထားသည်။

ကျောင်းကြီးတစ်ခုလုံးတွင် မြန်မာမှုသစ်သားပန်းပု အခြေခံချူးပန်း၊ ချူးနွယ်အပြောက်အမွှမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ် ရုပ်ကြွများနှင့် အတွင်းမာရဘင် အရှေ့ပိုင် ကွန်းစင်တိုင်အခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ် လက်ရာမြောက်စွာ အနုစိတ်တပ်ဆင်ထားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သက်တမ်းလွန်၊ အရည်အသွေးမပြည့်မီသော ဆားဗစ်ကြိုးများလဲလှယ်

**မုံရွာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ အိမ်တွင်းလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်လိုင်းကြိုးများမှ အိမ်တွင်းသို့သွယ်တန်းထားသည့် ဆားဗစ်ကြိုးများအသစ် လဲလှယ်ခြင်းလုပ်ငန်းများကို မြို့နယ်များတွင်စတင်လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာရုံးမှသိရသည်။



အိမ်တွင်းသို့ သွယ်တန်းသည့်ဆားဗစ်ကြိုးများသည် သက်တမ်းလွန်ခြင်း၊ ကြိုးအရည်အသွေး ပြည့်မီမှု မရှိခြင်းတို့ကြောင့် ဆားဗစ်ကြိုးများပြတ်ကျပြီး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပေါ်ခြင်း၊ ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုများဖြစ်ပွားမှုများရှိခြင်းကြောင့် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများမှ လျှပ်စစ်မီးအသုံးပြုသည့် နေအိမ်များတွင်လက်ရှိအသုံးပြုလျက်ရှိသော ဆားဗစ်ကြိုးများကို လိုက်လံစစ်ဆေးကာ ဖြစ်ပွားနိုင်သည့်လျှပ်စစ် အန္တရာယ်များကို ရှင်းလင်းပြောကြားပြီး အသစ်လဲလှယ်တပ်ဆင်ရန်လိုအပ်သော ဆားဗစ်ကြိုးများကိုလည်း သက်ဆိုင်ရာအိမ်ရှင်များဖြင့်ညှိနှိုင်းပြီး အသစ်လဲလှယ်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

“လက်ရှိသုံးနေတဲ့ ဆားဗစ်ကြိုးတွေမှာ တချို့တွေက သက်တမ်းအတော်ကိုလွန်နေပြီ။ တချို့အိမ်တွေက သက်တမ်းမလွန်ပေမယ့် တပ်ဆင်စဉ်က အရည်အသွေးမပြည့်မီတဲ့ကြိုးတွေကို အိမ်ရှင်တွေနဲ့ညှိနှိုင်းပြီး အသစ်လဲလှယ်တပ်ဆင်စေတာပါ။ အရည်အသွေးမပြည့်မီတဲ့၊ သက်တမ်းလွန်တဲ့ ဆားဗစ်ကြိုးတွေကိုသုံးစွဲနေတဲ့အတွက် အချိန်မရွေးအန္တရာယ်ရှိနိုင်ပါတယ်။ ဆားဗစ်ကြိုးတွေ ပြတ်ကျပြီး ဓာတ်လိုက်သေဆုံးမှုတွေဖြစ်တယ်။ ဆားဗစ်ကြိုးတွေပေါက်ပြဲပြီး ဓာတ်လိုက်မှုတွေဖြစ်ပေါ်နိုင်တဲ့အတွက် အသစ်လဲလှယ်တပ်ဆင်ခြင်းကို မြို့နယ်တိုင်းမှာလုပ်တာပါ” ဟု တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအင်ဂျင်နီယာရုံးမှ ဒုတိယ အင်ဂျင်နီယာချုပ် ဦးမျိုးသန့်ထွန်းက ပြောသည်။

အဆိုပါ သက်တမ်းလွန်ဆားဗစ်ကြိုးများနှင့် အရည်အသွေးမပြည့်မီသည့် ဆားဗစ်ကြိုးများလဲလှယ်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မော်လူး၊ အင်းတော်မြို့များတွင် ယခုလဆန်းပိုင်းတွင် စတင်လုပ်ဆောင်လျက်ရှိပြီး ကျန်မြို့များတွင် လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# မင်းလှတွင် မှူခင်းအသိပညာပေးယာဉ်ဖြင့် ပညာပေး ဟောပြောပြသခြင်းလုပ်ငန်းများဆောင်ရွက်

**မင်းလှ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့တွင် မှူခင်းများလျှော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်ရေးတို့အတွက် မှူခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးခြင်း၊ လှုံ့ဆော်ဆွေးနွေးခြင်း လုပ်ငန်းများကို လှည့်လည်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲက မင်းလှမြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးထင်အောင်လင်းနှင့် အရာရှိ၊ အရာခံ၊ ရဲဘော်၊ ရဲမေများသည် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် မှူခင်းအသိပညာပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရဲမှူးထင်အောင်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့မစခန်းမှူး ဒုရဲမှူးမျိုးမြင့်ဦးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကိုလည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းဆန်းဦးက လူမှောင်ခို၊ လူကုန်ကူးခြင်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သတိထားရှောင်ရှားရန်အချက်များကိုလည်းကောင်း၊ ဒုစခန်းမှူး ရဲအုပ်အောင်မင်းထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း ပရိုဂျက်တာဖြင့် လက်တွေ့ပြသ ရှင်းလင်းဟောပြောခဲ့ကြရာ ယင်းဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၅၅ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၆၈၀ တို့တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်ဆက်)**

# ဝက်လက်မြို့နယ် သစ်ဆိမ့်ကျေးရွာ၌ အရန်မီးသတ်မွမ်းမံသင်တန်းဖွင့်

**ဝက်လက် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်စေရေးအတွက် အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၆)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဝက်လက်မြို့နယ်သစ်ဆိမ့်ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် မြို့နယ်စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်နိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို လေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ပြည်ပသကြားဈေးကွက်ကောင်းမွန်လာ၍ ကြံတစ်တန်ဈေးနှုန်း ၅၅၀၀၀ အထိတိုးမြှင့်ဝယ်ယူလာ

**ရေတာရှည် ဒီဇင်ဘာ ၁**
အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနှင့် တရုတ်နိုင်ငံ ကြံစိုက်ပျိုးထုတ်လုပ်မှုလျော့ကျလာပြီး ပြည်ပသကြားဈေးကွက်ကောင်းမွန်မှုကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ကြံစိုက်ပျိုးသူတောင်သူများထံမှ ၂၀၁၆-၂၀၁၇ ကြံရာသီ၌ စက်ရုံအရောက် တစ်တန်လျှင် ၅၅၀၀၀ ဈေးနှုန်းဖြင့် စတင်ဝယ်ယူနေပြီဖြစ်ကြောင်းသိရသည်။

"ကြံစိုက်ပျိုးတဲ့တောင်သူတွေအတွက် မထင်မှတ်တဲ့ဈေးနှုန်းဖြစ်လာတာ ဝမ်းသာပါတယ်။ ဒီနှစ်က စပါးဈေး၊ ပဲဈေးတွေမကောင်းပေမယ့် အခုကြံဈေးနှုန်းကောင်းလာတဲ့အတွက် တောင်သူတွေ အဆင်ပြေမှာပါ" ဟု ရေတာရှည် အမှတ် (၆) သကြားစက် စက်ရုံမှူး ဦးစိန်လှိုင်က ပြောသည်။

လက်ရှိစက်ရုံနယ်တွင် စိုက်ပျိုးသည့်ဧက ၂၆၈၀ ဒသမ ၅ ရှိပြီး အခြားသောဒေသများကပါ စက်ရုံသို့လာရောက်ရောင်းချလျက်ရှိ၍ စက်ရုံအနေဖြင့် ဇန်နဝါရီလကုန်အထိ လည်ပတ်နိုင်မည်ဖြစ်ပြီး ကြံရောင်းချသည့် တောင်သူများအား ကြံချပြီးသည်နှင့် ချက်ချင်းငွေပေးချေနိုင်၍ အခြားသောစက်ရုံများထက် အားသာမှုများရှိကြောင်း စက်ရုံမှူးက ဆက်လက်ပြောကြားသည်။ ကြံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် တစ်ဧကပျမ်းမျှထွက်နှုန်း တန် ၃၀ နှင့်အထက်ထွက်ရှိနိုင်ပြီး ငွေကြေးအနေဖြင့် ၁၆ သိန်းကျော်ဝင်ငွေရရှိနိုင်မည်ဖြစ်ရာ စပါးသီးထပ်သီးညှပ်စိုက်ပျိုးခြင်းထက် ဈေးနှုန်းပိုမိုရရှိနိုင်မည်ဖြစ်သည်။

"ကျွန်မတို့အစကသိထားတာ စက်ရုံအရောက်ဈေးနှုန်း ၄၀၀၀၀ လို့သိရတယ်။ အခုကြံရောင်းတော့မှ တစ်တန်ကို ၅၅၀၀၀ အထိ ဈေးနှုန်းတိုးပေးတာတွေ့တော့ တောင်သူအနေနဲ့ ခုတ်ခ၊ တိုက်ခ အလွတ် ၄၀၀၀၀ အသားတင်ကျန်ပါတယ်" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ ကြံတောင်သူဒေါ်အေးကြင်က ပြောသည်။ ယခုနှစ်ဈေးနှုန်းအရ ကြံစိုက်ပျိုးနိုင်သည့်တောင်သူများအား ကြံမျိုးစရိတ်ချေးငွေများ ပေးအပ်ရန်စီစဉ်လျက်ရှိပြီး ရှေ့နှစ်တွင် ကြံစိုက်ပျိုးသူ ပိုမိုများပြားလာဖွယ်ရှိနေကြောင်း ခန့်မှန်းမှုများရှိနေသည်။ **ကိုလွင်(ဆွာ)**





## ရန်ကုန်ဘူတာကြီး ယာဉ်ဝင်ထွက်ဂိတ်များ၌ စနစ်တကျရှာဖွေ

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၁**
ရထားရဲတပ်ဖွဲ့ အမှတ် ၃ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမျိုးဇော်ဦး၏ ကွပ်ကဲမှုဖြင့် အမှတ် ၁၃ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးပီတာမြင့်သိန်း ဦးစီးတပ်ဖွဲ့ဝင် ၂၅ ဦး၊ သိမ်ဖြူမီးရထားရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၄ မှ ရဲဒုတပ်ကြပ် ဝဏ္ဏထွန်းပူးပေါင်းအဖွဲ့သည် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာနှင့် အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရေးအတွက် ရန်ကုန်ဘူတာကြီး ယာဉ်ဝင်ထွက်ဂိတ်သုံးနေရာမှ အငှားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များအား နိုဝင်ဘာ ၂၈ ရက် ည ၈ နာရီမှစ၍ စနစ်တကျရှာဖွေစစ်ဆေးခဲ့ကြောင်း သိရသည်။ **၁၁၈**

## မုံရွာ-မန္တလေး ကားလမ်းဘေးရှိ သက်တမ်းရင့်ကုက္ကိုပင်ကြီး အန္တရာယ်ကြီးမား

**မြင်းမူ ဒီဇင်ဘာ ၁**
စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ရေပိုးစားကန်တောင်ဘက် မုံရွာ-မန္တလေး ကားလမ်းဘေးကပ်လျက်ရှိ သက်တမ်းရင့်ကုက္ကိုပင်ကြီးသည် တစ်ပင်လုံးခြောက်ကပ်ပြီး အောက်ခြေဆွေးမြည့်နေခြင်း၊ ကုက္ကိုပင်ကြီး၏အကိုင်းအခက်များသည် ကားလမ်းပေါ်အုပ်မိုးနေခြင်း၊ လေခါမိုးခါ သစ်ကိုင်းများ ကားလမ်းပေါ်ကျိုးကျခြင်းများရှိခဲ့သော် ကားလမ်းပေါ်ဖြတ်သန်းမောင်းနှင်နေသော ယာဉ်၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုရှိနိုင်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့သုံးနှစ်ကျော်ခန့်က ရေပိုးစားကန်တောင်ဘက် အခုကုက္ကိုပင်နဲ့ ပေ ၁၅၀၊ ၂၀၀ ခန့်မှာ ဒိုင်နာကားပေါ် ထနောင်းပင်ပြိုလဲကျတာ လူလေးဦး ပွဲချင်းပြီးသေဆုံးသွားတယ်။ တာဝန်ရှိတဲ့သူတွေရောက်လာကြပြီး ဒီကုက္ကိုပင်လည်းကြည့်သွားတယ်။ ယနေ့အချိန်အထိ ခုတ်လှဲခြင်းမရှိသေးတာပါ။ ကျွန်မတို့ကတော့လာမယ့် လေခါမိုးခါအမီ ခုတ်လှဲပေးစေချင်ပါတယ်။ မခုတ်လှဲဘူးဆိုရင်တော့ အန္တရာယ်ဖြစ်မှာတော့ အသေအချာပါပဲ" ဟု အနီးအနားနေထိုင်သူတစ်ဦးက ပြောပြသည်။ **၆၂၄**

## စည်းကမ်းလိုက်နာမှုအားနည်းကာ ညောင်ဦးမြို့အဝင် လမ်းဘေး (ဝဲ၊ ယာ) များတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ ရှိနေ

**ညောင်ဦး ဒီဇင်ဘာ ၁**
ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသကို ပလတ်စတစ်အမှိုက်ကင်းမဲ့ဇုန် မြို့ပြအဖြစ် ဆောင်ရွက်လျက်ရှိသော်လည်း ဒေသခံပြည်သူအချို့က စည်းကမ်းလိုက်နာမှုအားနည်းနေပြီး ညောင်ဦးမြို့အဝင်လမ်းဘေး (ဝဲ၊ ယာ) များတွင် စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်နေသဖြင့် အနံ့ဆိုးများထွက်ရှိကာ နေ့စဉ်လမ်းသွားလမ်းလာများနှင့် ခရီးသွားဧည့်သည်များ အနှောင့်အယှက်ဖြစ်လျက်ရှိကြောင်း သိရသည်။

မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာတာဝန်ရှိများက ပလတ်စတစ်အမှိုက် ကင်းစင်သည့်မြို့ပြအဖြစ် ဆောင်ရွက်လုပ်ကိုင်နေသော်လည်း စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်သူတချို့ကြောင့် လူအများ နေ့စဉ်သွားလာနေသည့် ညောင်ဦးမြို့ အမှတ်(၁)နယ်မြေ သီရိမင်္ဂလာရပ်ကွက်အနီး (အရပ်ခေါ်)သံတော်ကုန်းထိပ်၊ ညောင်ဦးမြို့အဝင်လမ်းဘေး (ဝဲ၊ ယာ) များတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများမရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများက လိုလားလျက်ရှိသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**

## အခြေခံပညာကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**လှိုင်သာယာ ဒီဇင်ဘာ ၁**
၂၀၁၆ ခုနှစ် ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှူးကြီးမှူး၍ လှိုင်သာယာမြို့နယ် ကာယပညာဦးစီးဌာနနှင့် လှိုင်သာယာမြို့နယ် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ လှိုင်သာယာမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၈ ရက်က ကျင်းပရာ ပထမဆုရ အ. ထ. က (၅)၊ ဒုတိယဆုရ အ. ထ. က (၄) နှင့် တတိယဆုရ အ. ထ. က (၃) တို့ ဆွတ်ခူးသွားပြီး ဆုများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လှိုင်သာယာမြို့နယ် ပညာရေးဌာန တာဝန်ရှိသူများက အသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **၃၂၉**

## ရွှေကျင်မြို့တွင် မူးယစ်အန္တရာယ်အသိပညာပေးဟောပြော

**ရွှေကျင် ဒီဇင်ဘာ ၁**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရှမ်းကုန်းကြေးနန်းတန်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မူးယစ်အန္တရာယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မိုးညွန့်က မူးယစ်ဆေး၏ဆိုးကျိုးများ၊ ကွမ်းယာ၊ ဆေးလိပ်၊ အရက်သောက်သုံးခြင်း၏ ဆိုးကျိုးများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ရွှေကျင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့်ပတ်သက်၍ ပြုလုပ်သင့်သည့်အားကစားနည်းလမ်းများကို ဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူလေးများ စာပေဗဟုသုတတိုးပွားစေရေးအတွက် ကျောင်းစာကြည့်တိုက်သို့ စာပေရေချမ်းစင်စာအုပ်များကို မြို့နယ်ဦးစီးမှူး ဦးတင်မိုးညွန့်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**



## ပြည်သူများမီးဘေးအန္တရာယ်ကာကွယ်နိုင်ရေး မီးငြိမ်းသတ်ရေးသရုပ်ပြ

**သုံးခွ ဒီဇင်ဘာ ၁**
ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာချိန်တွင် ပြည်သူများ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ သရုပ်ပြမီးငြိမ်းသတ်ရေးနည်းများ၊ မီးလောင်မှုဖြစ်ပွားပါက လျင်မြန်စွာမီးငြိမ်းသတ်နိုင်ရေးတပ်ဖွဲ့ဝင်များက ထိရောက်စွာဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် အပေါ့စားမီးငြိမ်းသတ်စက်ကလေးသုံးလုံးတို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့မီးသတ်ဦးစီးဌာနက သရုပ်ပြသပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတောင်ဘက်ခြမ်း၌ နိုဝင်ဘာ ၂၉ ရက် ညနေ ၃ နာရီက မီးငြိမ်းသတ်ရေး သရုပ်ပြသကြသည်။

အဆိုပါမီးငြိမ်းသတ်ရေးသရုပ်ပြသရာတွင် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ သုံးခွမြို့နယ်မီးဘေးလုံခြုံရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသွင်ယုနိုင်နှင့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးမှူး ဦးမိုးကျော်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ စိတ်ပါဝင်စားသူများ ကြည့်ရှုကြကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

## သန့်ရှင်းသပ်ရပ်သော ခရိုင်မြို့ဖြစ်ရေး စီမံချက်ချဆောင်ရွက်

**သန်လျင် ဒီဇင်ဘာ ၁**
သန်လျင်မြို့သည် ရန်ကုန်တောင်ပိုင်းခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည်နှင့်အညီ သန်လျင်သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုနှင့်အတူ လူဦးရေတိုးတက်များပြားလျက်ရှိရာ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လမ်းများတိုးချဲ့ပြုပြင်ခြင်း၊ စိမ်းလန်းစိုပြည်လှပရေးအတွက် သန်လျင်တံတားထိပ်မှစ၍ အရိပ်ရနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ထွက်ရှိသည့်အမှိုက်များအား စနစ်တကျသိမ်းဆည်းခြင်းစသည့် မြို့သာယာလှပရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိသည်။

သန်လျင်မြို့မဈေးပတ်လည် သန့်ရှင်းသပ်ရပ်ရေးအတွက် အမှိုက်ပုံးများထားရှိ၍ စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရန် ဝန်ထမ်းများကဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင် ဦးတင်ဝင်းနှင့် ဦးမောင်မောင်တိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ မြို့မဈေးပတ်လည်တွင် အမှိုက်ပုံး ၃၀ စီစဉ်ထားရှိပေးခဲ့သည်။ **သန်းဝင်း(သန်လျင်)**

အီတလီစီးရီးအေရာင်ခုန်သံ-၁၅

# နာပိုလီကို အဝေးကွင်းမှာအင်တာမီလန်အနိုင်ရယူနိုင်မှာလား

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၁၅ ကို လာမယ့် ဒီဇင်ဘာ ၃၊ ၄၊ ၅၊ ၆ ရက်တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အင်တာမီလန်ဟာ နာပိုလီနဲ့ဆုံတွေ့နေတာကြောင့် နိုင်ပွဲရယူနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေကာ ဂျူဗင်တပ်ကတော့နိုင်ပွဲရဖို့ရှိနေပါတယ်။

ရှိုင်း မင်း မင်း

**ထိပ်တန်းဂိုးသွင်းရှင်များ**

| | |
|---|---|
| အိုင်ကာဒီ(အင်တာမီလန်) | - ၁၂ ဂိုး |
| ဇက်ကို(ရိုးမား) | - ၁၂ ဂိုး |
| ဘယ်လော့တီ(တိုရီနို) | - ၁၀ ဂိုး |
| အင်မိုဘိုင်း(လာဇီယို) | - ၉ ဂိုး |
| ဆာလာ(ရိုးမား) | - ၈ ဂိုး |
| ဖယ်ကေး(တိုရီနို) | - ၇ ဂိုး |

**အီတလီစီးရီအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၁၄ | ၁၁ | ၀ | ၃ | ၂၉ | ၁၂ | ၁၇ | ၃၃ |
| ၂ | ရိုးမား | ၁၄ | ၉ | ၂ | ၃ | ၃၃ | ၁၆ | ၁၇ | ၂၉ |
| ၃ | အေစီမီလန် | ၁၄ | ၉ | ၂ | ၃ | ၂၅ | ၁၈ | ၇ | ၂၉ |
| ၄ | လာဇီယို | ၁၄ | ၈ | ၄ | ၂ | ၂၇ | ၁၄ | ၁၃ | ၂၈ |
| ၅ | အတ္တလန္တာ | ၁၄ | ၉ | ၁ | ၄ | ၂၃ | ၁၄ | ၉ | ၂၈ |
| ၆ | တိုရီနို | ၁၄ | ၇ | ၄ | ၃ | ၃၁ | ၁၇ | ၁၄ | ၂၅ |
| ၇ | နာပိုလီ | ၁၄ | ၇ | ၄ | ၃ | ၂၄ | ၁၅ | ၉ | ၂၅ |
| ၈ | အင်တာမီလန် | ၁၄ | ၆ | ၃ | ၅ | ၂၂ | ၁၈ | ၄ | ၂၁ |
| ၉ | ဖီအိုရင်တီးနား | ၁၃ | ၅ | ၅ | ၃ | ၂၀ | ၁၅ | ၅ | ၂၀ |
| ၁၀ | ဂျီနိုအာ | ၁၃ | ၅ | ၄ | ၄ | ၁၇ | ၁၅ | ၂ | ၁၉ |
| ၁၁ | ဆမ်ဒိုးရီးယား | ၁၄ | ၅ | ၄ | ၅ | ၁၇ | ၂၀ | -၃ | ၁၉ |
| ၁၂ | ကယ်ဂလီယာရီ | ၁၄ | ၆ | ၁ | ၇ | ၂၂ | ၃၁ | -၉ | ၁၉ |
| ၁၃ | ချီယေဗို | ၁၄ | ၅ | ၃ | ၆ | ၁၄ | ၁၆ | -၂ | ၁၈ |
| ၁၄ | ဘိုလော့နာ | ၁၄ | ၄ | ၄ | ၆ | ၁၄ | ၂၁ | -၇ | ၁၆ |
| ၁၅ | အူဒီးနီးစ် | ၁၄ | ၄ | ၃ | ၇ | ၁၈ | ၂၃ | -၅ | ၁၅ |
| ၁၆ | ဆာစူအိုလို | ၁၄ | ၄ | ၂ | ၈ | ၁၇ | ၂၆ | -၉ | ၁၄ |
| ၁၇ | အမ်ပိုလီ | ၁၄ | ၂ | ၄ | ၈ | ၇ | ၂၁ | -၁၄ | ၁၀ |
| ၁၈ | ပက်စ်ကာရာ | ၁၄ | ၁ | ၄ | ၉ | ၁၁ | ၂၆ | -၁၅ | ၇ |
| ၁၉ | ခရိုတိုနီ | ၁၄ | ၁ | ၃ | ၁၀ | ၁၁ | ၂၇ | -၁၆ | ၆ |
| ၂၀ | ပါလာမို | ၄ | ၁ | ၃ | ၁၀ | ၁၀ | ၂၇ | -၁၇ | ၆ |



### နာပိုလီ - အင်တာမီလန်
**နံနက် ၂း၁၅ (၃-၁၂-၁၆)**

နာပိုလီအသင်းဟာ လက်ရှိခြေစွမ်းပိုင်းမှာ အင်တာမီလန်ကို အသာရနိုင်တယ်လို့ထင်မှတ်စရာရှိနေပေမယ့်လည်း ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးကြိမ်ထိပ်တိုက် တွေ့ဆုံမှုမှာ အင်တာမီလန်အသင်းက အသာရထားခဲ့ပါတယ်။ အင်တာမီလန်ဟာ အေစီမီလန်နဲ့ကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာလည်း ခြေစွမ်းကောင်းပြီးသရေကစားနိုင်ခဲ့ပါတယ်။ အခုပွဲမှာလည်း အင်တာမီလန်တို့အဝေးကွင်းဖြစ်ပေမယ့် အနည်းဆုံးသရေကစားနိုင်မှာပါ။

### အေစီမီလန် - ခရိုတိုနီ
**ည ၆း၀၀ (၄-၁၂-၁၆)**

အေစီမီလန်အသင်းဟာ နောက်ဆုံးကစားထားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ အင်တာမီလန်ကိုအနိုင်ရဖို့နီးစပ်ခဲ့ပေမယ့်လည်း သရေကျထားခဲ့ရပါတယ်။ အေစီမီလန်ရဲ့ခြေစွမ်းက ထက်မြက်မှုရှိနေပြီး အိမ်ကွင်းမှာ နိုင်ပွဲရအောင် ပြင်ဆင်လာမှာဖြစ်တယ်။ ခရိုတိုနီရဲ့ခြေစွမ်းက အေစီမီလန်ကိုယှဉ်ကစားဖို့ခက်မှာပါ။ ဒါပေမယ့် ခရိုတိုနီတို့ ခံစစ်ပိုင်းကိုများစွာ ပိတ်ဆို့ကစားမှာဖြစ်လို့ အေစီမီလန်တို့အခက်တွေ့နိုင်အိမ်ကွင်းဖြစ်ပေမယ့် ကပ်နိုင်ဖို့သာရှိနေပါတယ်။

### ပက်စ်ကာရာ - ကယ်ဂလီယာရီ
**ည ၈း၃၀ (၄-၁၂-၁၆)**

တန်းတက်ပက်စ်ကာရာဟာ ခြေစွမ်းနောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းတွေရဖို့ရုန်းကန်နေရတဲ့ အသင်းဖြစ်ပြီး ရှုံးပွဲတွေဆက် တိုက်ကြုံတွေ့နေတဲ့ အသင်းဖြစ်တယ်။ ကယ်ဂလီယာရီကလည်း လက်ရှိခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိသေးတဲ့အသင်းဖြစ်ပြီး ရှုံးပွဲတွေများနေတဲ့အသင်းဖြစ်တယ်။ နှစ်သင်းစလုံး ခြေစွမ်းကွာဟမှုကျဉ်းမြောင်းနိုင်ပြီး သွင်းဂိုးနည်းမယ့် ပွဲဖြစ်လာနိုင်ပါတယ်။ တစ်ဂိုးစီလောက်နဲ့သရေ ကျသွားနိုင်ပါတယ်။

### ဆာစူအိုလို - အမ်ပိုလီ
**ည ၈း၃၀ (၄-၁၂-၁၆)**

ဆာစူအိုလိုဟာနောက် ပိုင်းပွဲစဉ်တွေမှာတော့ခြေစွမ်းကောင်းတွေရရှိဖို့ ခက်ခဲနေခဲ့ပြီး ရလဒ်တွေကျ ဆင်းနေခဲ့ပါတယ်။ အမ်ပိုလီကလည်း ခြေစွမ်းအတက်အကျမမှန်တဲ့ အသင်းဖြစ်တယ်။ အိမ်ကွင်းပွဲစဉ်တွေမှာတော့ အမ်ပိုလီတို့ ခြေစွမ်းကောင်းရတတ်ပေမယ့်လည်း အဝေးကွင်းမှာတော့ အသင်းကောင်းတွေကို ယှဉ်ကစားဖို့ခက်နေတတ်ပါတယ်။ အခုပွဲမှာတော့အိမ်ရှင်ဖြစ်လာမယ့်ဆာ စူအိုလိုတို့နိုင်ပွဲရရှိအောင်အားထည့်ကစားမှာဖြစ်လို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ချီယေဗို - ဂျီနိုအာ
**နံနက် ၀၀း၃၀ (၆-၁၂-၁၆)**

ချီယေဗိုဟာ အိမ်ကွင်းကစားအားကောင်းတဲ့အသင်းဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလည်း နိုင်ပွဲရရှိထားခဲ့ပါတယ်။ ဂျီနိုအာအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာခြေစွမ်းကောင်းတွေ ရရှိဖို့အနည်းငယ်ရုန်းကန်ကစားနေရပါတယ်။ ဒါကြောင့်အခုပွဲမှာလည်း အိမ်ရှင်အသင်းဖြစ်လာမယ့် ချီယေဗိုအသင်းကသာ ခြေစွမ်းအသာနဲ့ပွဲချိန်အများအပြားဖိအားပေး ကစားသွားနိုင်ဖို့ရှိနေပါတယ်။ ချီယေဗိုနိုင်ပွဲရသွားမှာပါ။

### ဂျူဗင်တပ် - အတ္တလန္တာ
**နံနက် ၂း၁၅ (၄-၁၂-၁၆)**

ဂျူဗင်တပ်အသင်းဟာ ခြေစွမ်းပိုင်းအရ အကောင်းဆုံးပုံစံမှာ ရှိနေပြီးအခု ကစားမယ့် အိမ်ကွင်းပွဲစဉ်မှာလည်းခြေ စွမ်းကောင်းတွေပြသလာဦးမှာဖြစ်ပါတယ်။ အတ္တလန္တာအသင်းကလည်းစီးရီးအေပြိုင်ပွဲမှာ ခြေစွမ်းကောင်းတွေပြသနေတဲ့အသင်းဖြစ်နေတာကို သတိပြုရပါမယ်။ အတ္တလန္တာရဲ့ကစားအားက ဂျူဗင်တပ်ကို ကစားရခက်ခဲစေမှာဖြစ်တယ်။ ဒါကြောင့်ဂျူဗင်တပ်တို့ အိမ်ကွင်းအားရှိနေပေမယ့်လည်း ကပ်နိုင်ဖို့သာရှိနေပါတယ်။

### လာဇီယို - ရိုးမား
**ည ၈း၃၀ (၄-၁၂-၁၆)**

လာဇီယိုအသင်းဟာ ခြေစွမ်းပိုင်းအရ ထက်မြက်မှုရှိနေပြီး ရိုးမားအသင်းကို ကောင်းမွန်စွာယှဉ်ကစားနိုင်တဲ့ အသင်းဖြစ်နေပါတယ်။ ရိုးမာကလည်း အမှတ်ပေးဇယားထိပ်ဆုံးကဂျူဗင်တပ်ကို ဖိအားပေးနိုင်ဖို့နိုင်ပွဲတွေလိုအပ်နေမှာဖြစ်တယ်။ တိုက်စစ်ပိုင်းကစားပုံမှာတော့ ရိုးမားကအသာရနိုင်ပြီး အဝေးကွင်းမှာလည်း အနည်းငယ်ဖိအားပေးကစား နိုင်ဖို့ရှိနေပါတယ်။ လာဇီယိုတို့သရေကစားနိုင်ဖို့ရှိနေပေမယ့် ရိုးမားရဲ့နိုင်ပွဲလိုအပ်နေတဲ့ ကစားအားကနိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဆမ့်ဒိုးရီးယား - တိုရီနို
**ည ၈း၃၀ (၄-၁၂-၁၆)**

ဆမ့်ဒိုးရီးယားဟာ နောက်ဆုံးကစားထားခဲ့တဲ့စီးရီးအေပွဲစဉ်-၅ ပွဲမှာ ဂျူဗင်တပ်ကိုသာရှုံးနိမ့်ထားခဲ့ပြီး ခြေစွမ်းကောင်းမွန်နေခဲ့ပါတယ်။ တိုရီနိုကလည်းခြေစွမ်းကောင်းတွေရရှိနေကာဆမ့်ဒိုးရီးယားရဲ့ အထက်အမှတ်ပေးဇယားအပေါ်ပိုင်းမှာ ရပ်တည်နေတဲ့အသင်းဖြစ်တယ်။ ဒါပေမယ့်လည်းအခုပွဲမှာ ဆမ့်ဒိုးရီးယားတို့အိမ်ကွင်းမှာကစားရမှာဖြစ်လို့ ဆမ့်ဒိုးရီးယားတို့ကပ်ပြီး နိုင်ပွဲရသွားနိုင်မှာပါ။

### ဖီအိုရင်တီးနား - ပါလာမို
**နံနက် ၂း၁၅ (၅-၁၂-၁၆)**

ဖီအိုရင်တီးနားဟာတိုက်စစ် ကစားပုံထက်မြက်တဲ့အသင်းဖြစ်ပြီး စီးရီးအေပြိုင်ပွဲမှာ ရလဒ်ကောင်းတွေရရှိနေတဲ့အသင်းဖြစ်တယ်။ ပါလာမိုရဲ့ခြေစွမ်းကတော့ ကျဆင်းနေဆဲဖြစ်ပြီးရှုံးပွဲတွေဆက်တိုက် များနေတဲ့အသင်းဖြစ်တယ်။ အခုပွဲစဉ်မှာလည်း အိမ်ရှင်ဖြစ်လာမယ့် ဖီအိုရင်တီးနားတို့ ခြေစွမ်းအသာနဲ့ဖိအားပေးကစားနိုင်ဦးမှာဖြစ်တယ်။ အိမ်ရှင်ရဲ့ ဂိုးသွင်းအားသာရှိနေလို့ဂိုးနည်းနိုင်ပြီး အိမ်ရှင်ဖီအိုရင်တီးနားတို့ နိုင်ပွဲရဖို့သေချာနေတယ်။

### အူဒီးနီးစ် - ဘိုလော့နာ
**နံနက် ၂း၁၅ (၆-၁၂-၁၆)**

အူဒီးနီးစ်ဟာအသင်းလိုက် ကစားအားကောင်းမွန်ပြီး တိုက်စစ်ပိုင်းကလည်းကစားပုံထက်မြက်မှုရှိတဲ့အသင်းဖြစ်တယ်။ ဘိုလော့နာကလည်း ခြေစွမ်းပိုင်းထက်မြက်မှုရှိနေတဲ့ အသင်းဖြစ်သလို တိုက်စစ်ကစားပုံကောင်းမွန်တဲ့အသင်းဖြစ်တယ်။ နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားကြမှာဖြစ်လို့ သွင်းဂိုးများမယ့်ပွဲဖြစ်လာနိုင်ပါတယ်။ အဝေးကွင်းဖြစ်နေပေမယ့်လည်း ဘိုလော့နာရဲ့ကစားအားက အူဒီနီးစ်ကိုယှဉ် ကစားနိုင်ဖို့ရှိနေပါတယ်။ သရေကျဖို့များနေတဲ့ပွဲပါ။

## ချယ်လ်ဆီးနောက်ခံလူ အိုင်ဗန်နိုဗစ်အား ခေါ်ယူရန် ဂျူဗင်တပ်မျက်စိကျနေ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ချယ်လ်ဆီးနောက်တန်းကစားသမား အိုင်ဗန်နိုဗစ်အား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် မျက်စိကျနေကြောင်းသိရသည်။

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းအနေဖြင့် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ဂျီနိုအာအသင်းနှင့် ပွဲစဉ်တွင် ညာနောက်ခံကစားသမား ဒန်နီအဲလ်ဗက် ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းကြောင့် အသင်း ၏ လိုအပ်လျက်ရှိသော ခံစစ်ပိုင်းကို အားဖြည့်ရန် အိုင်ဗန်နိုဗစ်ကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။အိုင်ဗန်နိုဗစ်သည် ဂျူဗင်တပ်အသင်း၊ ခရစ္စတယ်ပဲလေ့ အသင်းတို့အပြင် ဥရောပတစ်ဝန်းမှ ကလပ်အသင်းတော်တော်များများကလည်း ခေါ်ယူရန်ပစ်မှတ်ထားခံထားရသူဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် နောက်တန်းခံစစ်ကြောင်းအပြင် အန်ဒရီယာပီယာလို၊ ဗီဒယ်နှင့် ပေါ့ဘာတို့ကို ဆုံးရှုံးခဲ့ရခြင်းကြောင့် ကွင်းလယ်ပိုင်းအားနည်းချက်များလည်းရှိနေခဲ့သည်။ ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်ကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

ဂျူဗင်တပ်အသင်းတွင် လက်ရှိဒဏ်ရာပြဿနာကြုံတွေ့နေသည့် နောက်တန်းကစားမား ဘိုနျူစီသည်လည်း နည်းပြဂွာဒီယိုလာနှင့် လက်တွဲရန်ဆုံးဖြတ်ထားခြင်းကြောင့် အဆိုပါကစားသမားကိုပါ ဆုံးရှုံးရဖွယ်ရှိနေခြင်းကြောင့် ချယ်လ်ဆီးနောက်တန်းကစားသမား အိုင်ဗန်နိုဗစ်ကို ပိုမိုပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# စီရင်ထုံးများသည် ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပါသည်လော

ခ မောင်စာဂ

**စီရင်ထုံးဟူသည် အဘယ်နည်း**
စီရင်ထုံးဟူသည် စီရင်ပိုင်ခွင့်အာဏာရှိ အမြင့်ဆုံးသော တရားရုံးက ဆုံးဖြတ်ချက် ချမှတ်သော စီရင်ချက်အမိန့်များ ပင်ဖြစ်သည်။

**စီရင်ထုံးနှင့် စီရင်ချက် မည်သို့ကွာခြားသနည်း**
စီရင်ပိုင်ခွင့်အာဏာရှိ အမြင့်ဆုံးသော တရားရုံးက ချမှတ်သော စီရင်ချက်အမိန့်များထဲမှ နောင်တွင် ဥပဒေ အချက်အလက်အကြောင်းခြင်းရာ အချက်အလက်များနှင့် တူညီသော အလားတူအမှုမျိုးတွင် ကိုးကားခြင်းပြုနိုင်သည့် စီရင်ချက်များကို ရွေးချယ်ကာ ထုံးဖွဲ့ထားသော စီရင်ချက်များသည် စီရင်ထုံးဖြစ်သွားသည်။ ထုံးဖွဲ့ခြင်းခံရသော စီရင်ချက်များကို စီရင်ထုံးဟူ၍ ခေါ်ဆိုသည်။ စီရင်ထုံးများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နှစ်အလိုက် ထုတ်ပြန်လေ့ရှိသည်။

**စီရင်ထုံးများကို ဘာကြောင့်အကိုးအကားပြုနေရသနည်း**
စီရင်ထုံးများသည် စီရင်ပိုင်ခွင့်အာဏာရှိ အမြင့်ဆုံးသော တရားရုံးက ဆုံးဖြတ်ထားခြင်းဖြစ်သည်။ လက်အောက်ခံ တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် ဥပဒေအကြောင်း အချက်အလက်၊ အကြောင်းခြင်းရာ အချက်အလက်များကို ပေါင်းစပ်သုံးသပ်၍ အဖြေထုတ်ပေးထားခြင်း ဖြစ်သည်။ ဥပဒေကြောင်း အချက်အလက်များအပေါ် သုံးသပ်ချက်နှင့် အကြောင်းခြင်းရာ အချက်အလက်များအပေါ် သုံးသပ်ချက်များပါရှိသည်။ လမ်းညွှန်သဖွယ် လိုက်နာရမည့် ဆုံးဖြတ်ချက်များ ပါရှိတတ်သည်။ ကိုးကားထိုက်သည့်မူ သဘောအသွင်ဆောင်သော ဆုံးဖြတ်ချက်များတွေ့ရှိတတ်သည်။

**စီရင်ချက်များကိုလည်း အကိုးအကားပြု၍ ရပါသည်လော**
စီရင်ချက်များကိုလည်း စီရင်ထုံးကဲ့သို့ အကိုးအကား ပြု၍ တင်ပြနိုင်သည်။ သို့ရာတွင် စီရင်ချက်ကို ကိုးကား လိုလျှင် ထိုစီရင်ချက်ကို မိတ္တူမှန်ကူးယူ၍ တင်ပြရန်လို သည်။ စီရင်ထုံးကို ကိုးကားလျှင်မူ ထိုသို့မိတ္တူမှန်ကူးယူ၍ တင်ပြရန်မလိုပါ။ အမှုသည်များ၏ အမည်၊ စီရင်ထုံးပြု သည့် ခုနှစ်၊ စီရင်ထုံးပါစာမျက်နှာနံပါတ်၊ ဆုံးဖြတ်သည့် တရားရုံးတို့ကို တင်ပြလျှင် လုံလောက်သည်။ စီရင်ထုံးများ ကိုးကားဖော်ပြနည်းကို တရားရုံးများ လက်စွဲအပိုဒ် ၃၃ တွင် အတိအကျရှင်းပြထားသည်။ အကယ်၍ စီရင်ချက် နှင့်ဆန့်ကျင်၍ ဆုံးဖြတ်ထားသော စီရင်ထုံးရှိလျှင် ယင်း စီရင်ချက်ကို ကိုးကား၍မရပါ။ စီရင်ထုံးပါ ဆုံးဖြတ်ချက် အတိုင်း လိုက်နာဆောင်ရွက်ရသည်။

ဦးစံသောင်းနှင့်ဦးအေးပါ -၂ ၁၉၈၆ ခုနှစ် (မြန်မာ နိုင်ငံတရားစီရင်ထုံး) စာမျက်နှာ ၁၀၀ အမှုတွင် ပထမ စီရင်ချက်နှစ်ခုနှင့် တတိယစီရင်ထုံးသည် သုံးသပ်ဆုံးဖြတ် ချက်များ ဆန့်ကျင်နေသည်။ သို့ဖြစ်ရာ ပထမစီရင်ချက် နှစ်ခုသည် ထုံးဖွဲ့ထားခြင်းမရှိသဖြင့် စီရင်ထုံးပါဥပဒေသကို လိုက်နာရန်သာဖြစ်သည်ဟူ၍ လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။

**စီရင်ထုံးများကို လိုက်နာရန် တာဝန်ရှိပါသည်လော**
စီရင်ထုံးများကို တရားရုံးအဆင့်ဆင့်က လိုက်နာရန် တာဝန်ရှိသည်တော့မဟုတ်ပါ။ သို့ရာတွင် ဥပဒေအချက် အလက်၊ အကြောင်းခြင်းရာ အချက်အလက်တို့ တူညီနေ သောအခါ သို့မဟုတ် မူသဘောအရ ကိုးကားရန် လိုအပ် နေသောအခါ စီရင်ထုံးပါသုံးသပ်လမ်းညွှန်ချက်မူသဘော ကို တရားရုံးများက လိုက်နာ၍ အဆုံးအဖြတ်ပြုကြသည်။ စီရင်ထုံးများကို လေ့လာဖတ်ရှုသည့်အခါတွင် ယခင်က ချမှတ်ခဲ့သော စီရင်ထုံးများ တစ်ခု သို့မဟုတ် တစ်ခုထက် ပို၍ပင် လိုက်နာကိုးကားကာ ဆုံးဖြတ်ထားသော စီရင်ထုံး များကို တွေ့ရှိရသည်။

**စီရင်ထုံးများကို မကိုးကားဘဲ နေ၍ရပါသည်လော**
ဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်က ရှင်းနေလျှင်အကြောင်း ခြင်းရာ အချက်အလက်၊ သက်သေခံ အထောက်အထားများ က ရှင်းနေလျှင် စီရင်ထုံးများကို မကိုးကားသင့်ပါ။ ထိုသို့သော အခြေအနေတွင် စီရင်ထုံးကို ကိုးကားလိုက်ပါမှ ရှုပ်ထွေးသွားစေတတ်သည်။ ဥပဒေအချက်အလက်၊ အကြောင်းခြင်းရာအချက်အလက် မရှင်းမလင်းဖြစ်နေ သောအခါ စီရင်ထုံးပါမူသဘောတရားများနှင့် ပေါင်းစပ် သုံးသပ်ရန် လိုအပ်သည့်အခါမှသာ စီရင်ထုံးကို ကိုးကား သင့်သည်။

"မှုခင်းဟူသည် အမှုတစ်မှုနှင့်တစ်မှု ထပ်တူမဖြစ်နိုင် ချေ။ အဖြစ်အပျက်အခြေအနေစသည်တို့သည် အနည်း နှင့်အများကွဲလွဲရမည်သာဖြစ်သည်။ ထို့ကြောင့် စီရင်ထုံး များသည် မှုခင်းဆုံးဖြတ်ရာ၌ တွေးခေါ်ယူဆခြင်း၏ လမ်းညွှန်မှုမျှသာဖြစ်သည်။ စီရင်ထုံးများက ပုံသေကားကျ အဆုံးအဖြတ်ပေးနိုင်ကြသည်မဟုတ်" ဟု ဗိုလ်ကြီးအောင်ဝင်း နှင့် နိုင်ငံတော်အမှု (အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ၊ စာ-၂၉၂) ကသုံးသပ်ညွှန်ပြသည်။ သို့ဖြစ်ရာ ကိုးကားမည့်စီရင်ထုံးသည်လည်း အံဝင်ခွင်ကျ ဆီလျော် သက်ဆိုင်မှုရှိသည့် စီရင်ထုံးမျိုးဖြစ်ရပါမည်။ ဆီလျော် သက်ဆိုင်မှုမရှိသည့် အလှမ်းကွာဝေးသည့် စီရင်ထုံးမျိုးကို ကိုးကားလျှင် အရာမရောက်ဖြစ်တတ်သည်။ အမှန်တရား ဖော်ထုတ်ရေးနှင့် အလှမ်းကွာဝေးသွားတတ်သည်။

**စီရင်ထုံးများသည် ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပါသည်လော**
စီရင်ထုံးများသည် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် မဟုတ်ပါ။ ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော ဥပဒေ ပြဋ္ဌာန်းချက်မျိုးမဟုတ်ပါ။ သို့ရာတွင် ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ကဲ့သို့ အာနိသင်ရှိသည်။ ဥပဒေပြဋ္ဌာန်းချက်ကို ကိုးကားရသကဲ့သို့ လိုအပ်သည့်အခါ စီရင်ထုံးများကို ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ကဲ့သို့ပင် အကိုးအကားပြု ကြရသည်။ သို့ဖြစ်၍သာ စီရင်ထုံးများကို Case - Law သို့မဟုတ် Judge-made Law ဟူ၍ ပြောဆိုသမုတ်ကြ သည်။ သို့ရာတွင် ရှိရှိသမျှသော စီရင်ထုံးအားလုံးလိုက်နာ အပ်သည်မဟုတ်။ အချို့မှားယွင်းသော စီရင်ထုံးများကို နောက်စီရင်ထုံးများက ပယ်ဖျက်ခဲ့သည်များရှိသကဲ့သို့ ပယ်ဖျက်ရန်အခွင့်အလမ်းမပေါ်ပေါက်၍ ကွဲလွဲလျက်ရှိ သော စီရင်ထုံးများလည်း ရှိနေသည်ကိုသတိမူအပ်သည်။

**စီရင်ထုံးများအပေါ် ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ခြင်း**
စီရင်ချက်တစ်ခုသည် စီရင်ထုံးဖြစ်သွားလျှင် ထိုစီရင် ထုံးတွင်ပါရှိသော မူသဘောထားများ၊ လမ်းညွှန်ချက်များ၊ အနှစ်သာရများကို အကိုးအကားပြုကြရသည်။ လိုက်နာ ကြရသည်။ အချို့သော စီရင်ထုံးများဆိုလျှင် အောက် တရားရုံးများက မလိုက်နာဘဲနေမှာစိုးသည့်အတွက် တရား ရုံးချုပ်က ညွှန်ကြားလွှာများ ထပ်ဆင့်၍ထုတ်ပေးရသည်။ သာဓကအနေဖြင့် အောက်ပါအတိုင်းဖော်ပြပေးပါမည်-

(က) ဦးထွန်းအောင်သာနှင့် ပြည်ထောင်စုမြန်မာ နိုင်ငံ ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ ၅၈ ၌ မှုခင်း တစ်ရပ်ကို ကိုင်တွယ်စစ်ဆေးရာတွင် ပြစ်မှု မြောက်စေသော အင်္ဂါရပ်များ စုံညီထင်ရှား ခြင်း ရှိ၊ မရှိ ကောင်းစွာဖော်ထုတ်၍ စစ်ဆေး အပ်သည်။ ပြစ်မှုမမြောက် ကင်းလွတ်စေသော အချက်များရှိနိုင်ကလည်း ဖော်ထုတ်၍ စစ်ဆေးအပ်သည့်အချက်အလက် စုံလင် ထင်ရှားပိုင်နိုင်ပြီးမှ ဥပဒေနှင့် စပ်ဟပ်ညှိနှိုင်း ၍ အဆုံးအဖြတ်ကိုပေးရသည်။ "ဥပဒေကို အဓိပ္ပာယ်ကောက်ယူရာတွင် လမ်းညွှန်မှုလိုမှ သာ ဆီလျော်ရာ မြန်မာနိုင်ငံစီရင်ထုံးတို့ကို သုံးသပ်ကိုးကားရသည်။ တစ်မှုနှင့်တစ်မှု အကြောင်းခြင်းရာ မှုခင်းဖြစ်အခြေအနေ ထပ်တူ ညီသည်ဟု မရှိနိုင်သဖြင့် စီရင်ထုံးတို့၏ လမ်းညွှန်မှုကို ကောင်းစွာသော သတိဖြင့်သာ ခံယူရသည်။ အချက်အလက်စုံလင်ထင်ရှား ပိုင်နိုင်ခြင်းမရှိသေးဘဲ စီရင်ထုံးကိုရှာလျှင် ဆီလျော်ရာကို မတွေ့ရဘဲလည်း ရှိတတ် သည်။ အချက်အလက် ဖော်ထုတ်ရာတွင် လည်း ချွတ်ချော်တိမ်းပါးဖြစ်တတ်သည်။ ဖြစ်ပျက်ခဲ့သော အချက်အလက်အတွက် စီရင် ထုံး ရှာခြင်းမျိုးထက် ကြိုက်နှစ်သက်ရာ စီရင်ထုံးအတွင်းသို့ဝင်အောင် အချက်အလက် တို့ကို သွတ်သွင်းသည့် သဘောမျိုးလည်းဖြစ် သွားတတ်သည်ကို သတိပြု၍ ဆင်ခြင်ရသည်" စသည်ဖြင့် လမ်းညွှန်ဆုံးဖြတ်ထားသည်။

ဤသို့ လမ်းညွှန်ဆုံးဖြတ်ထားသည်ကို ကောင်းစွာလေ့လာ ကျင့်သုံးကြရန် တရား ရုံးချုပ်က ၂၂ - ၃ - ၆၉ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် ၂/၆၉ ဖြင့် ထုတ်ပြန်ခဲ့သည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ထွန်းကြည် ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရား ရုံးချုပ်) စာမျက်နှာ ၃၄၈ ၌ "ပြစ်မှုတစ်ရပ် အတွက် ထောင်ဒဏ်သတ်မှတ်ရာတွင် အကယ်၍ တရားခံသည် ထိုပြစ်မှုနှင့် ပတ် သက်၍ အချုပ်နှင့်နေခဲ့ရလျှင် ထိုအချုပ် ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်အပ်သည်ဟု ယူဆသည်။ ဤသို့ ယူဆခြင်းသည် တည်ရှိနေ သော ဥပဒေများနှင့် မဆန့်ကျင်လျှင် လုပ်ထုံး ကို ပိုမိုရှင်းလင်းတိကျစေအောင်နှင့် တစ်သမတ် တည်း ညီညွတ်အောင် ပြုပြင်ခြင်းသာ ဖြစ်သည်" ဟူ၍ လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။

ဤသို့လမ်းညွှန်ဆုံးဖြတ်ထားသည်ကို ကောင်းစွာလေ့လာ ကျင့်သုံးကြရန် တရားရုံး ချုပ်က ၃ - ၅ - ၆၇ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် ၆/၆၇ ဖြင့် ထုတ်ပြန်ခဲ့သည်။

(ဂ) ဦးခွေးနှင့်ကိုအေးပါ - ၂ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာမျက် နှာ ၁၁၁၆ တွင် တောင်သူလယ်သမားများ လက်ဝယ်ရှိ ကျွဲ၊ နွားများကို ဝရမ်းမကပ်ရခြင်း နှင့်ပတ်သက်၍ လမ်းညွှန်ဆုံးဖြတ်ထားသည်။

ဤသို့ လမ်းညွှန်ဆုံးဖြတ်ထားသည်ကို ကောင်းစွာလေ့လာ ကျင့်သုံးကြရန် တရားရုံး ချုပ်က ၈-၁၂-၆၅ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် ၂၃/၆၅ ဖြင့် ထုတ်ပြန်ခဲ့သည်။

**သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး**
စီရင်ထုံးများ အကိုးအကားပြုနေကြခြင်းနှင့် စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးချုပ် (အငြိမ်း စား) ဆရာဦးကျော်အေးက ဤသို့မှတ်ချက်ပြုဖူးသည်။

"သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေးဆိုတဲ့ ဆိုရိုး စကားကို ဒီလိုကိစ္စမျိုးတွေမှာ သုံးနိုင်မယ်ထင်တယ်။ ဥပမာ - သံသယအကျိုး (benefit of doubt) ကို တရားခံ အား ခံစားခွင့်ပေးရမည်ဆိုသော စီရင်ထုံး၏လမ်းညွှန်ချက် သည် ဥပဒေပြဋ္ဌာန်းချက်မဟုတ်သော်လည်း အပြစ်မရှိ သောသူများစွာကို သေဘေးမှကယ်တင်ခဲ့သည်။ သို့သော် အခြားတစ်ဖက်တွင်လည်း အပြစ်ရှိသူများစွာတို့ကို လွတ်မြောက်သွားစေမှုများလည်းရှိပါသည်။ ယင်းအချက် ကို အကြောင်းပြု၍ ထိုစီရင်ထုံးကို ပစ်ပယ်ရမည်ဆိုပြန် လျှင်လည်း အပြစ်မဲ့သူတို့ သေကြရဦးမည်။ အပြစ်မရှိသူကို သတ်ဖြတ်ခြင်းထက်ပိုမိုဆိုက်မဲသောအမှု လောက၌မရှိနိုင်။ ဤသို့အားဖြင့် အပြစ်ရှိသူတစ်ရာ လွတ်ချင်လွတ်ပါစေ၊ အပြစ်မဲ့သူတစ်ဦးကို အပြစ်မပေးမိပါစေနှင့်ဆိုသော ဆိုရိုးစကားပေါ်လာရပြန်သည်။"

"အင်္ဂလန်နိုင်ငံတွင် ရိုးရာဥပဒေစနစ်အရ ဥပဒေကို တင်းကျပ်စွာ အဓိပ္ပာယ်ဖွင့်ဆိုမှုကြောင့် အမှုသည်တစ်ဖက် တွင် မတရားမှုများ၊ နစ်နာမှုများ ပေါ်ပေါက်ခဲ့သည်ကို Equity တရားစီရင်ရေးစနစ်ဖြင့် ဝင်ရောက်ထိန်းညှိ ပေးခဲ့ရသည်။"

"ဥပဒေကြမ်းရေးဆွဲသူမည်သူမျှ သူရေးဆွဲသော ဥပဒေအရပေါ်ပေါက်လာနိုင်သည့် ပြဿနာအားလုံးကို ကြို၍မမြင်နိုင်၊ အပြစ်အနာဆာကင်းပြီး စင်းလုံးချော ကောင်းမွန်သော၊ ပြီးပြည့်စုံသော ဥပဒေဟူ၍လည်းမရှိနိုင်။ ဥပဒေပါရေးသားမှု၊ ဝေါဟာရသုံးစွဲမှုတို့မှာလည်း အဓိပ္ပာယ် ဖွင့်ဆိုရန် မလိုလောက်အောင် အမြဲတစေ၊ ရှင်းလင်းနေ မည်ဟူ၍လည်း အာမမခံနိုင်။ ထိုထိုသောအကြောင်း တရားများကြောင့် မရှင်းသောအရေးအသားနှင့် ဝေါဟာရ များကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လိုအပ်သည်များကို ဥပဒေ ပြုအဖွဲ့၏ ရည်ရွယ်ချက်နှင့်အညီ ဖြည့်စွက်ဖွင့်ဆိုပေးရန် လိုအပ်လာပါသည်။" (ဤညွှန်ပြချက်ကို ဦးခွေးနှင့် ကိုအေးအမှု (၁၉၆၅ ပတစ စာ - ၉၇၇) တွင် တွေ့မြင်နိုင် သည်)

"ထိုတာဝန်ကို တရားရုံးများက ထမ်းရွက်ရပါသည်။ တစ်နည်းဆိုရသော် ဥပဒေပြုရေး တာဝန်တစ်စိတ်တစ်ပိုင်း ကို အဆင့်မြင့်တရားရုံးများက ထမ်းဆောင်ကြရခြင်းဖြစ်ပါ သည်။ သို့ဖြစ်၍ စီရင်ထုံးများကို Case-Law သို့မဟုတ် Judge-made Law ဟူ၍ ခေါ်ဆိုကြခြင်းဖြစ်ပါသည်။ စီရင်ထုံးများကို အကြောင်းခြင်းရာချင်း ယေဘုယျတူညီ သော အမှုများတွင် ကိုးကားလိုက်နာ ဆုံးဖြတ်ကြရပါသည်။ ဤကိစ္စတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသောစီရင်ထုံး များတွင် followed ဟူ၍သုံးစွဲပါသည်။ ဥပဒေနှင့် အကြောင်းအရာတူပါက တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဗရမ်းဗတာမဖြစ်စေရန်၊ ထိန်းညှိပေးခြင်း ဖြစ်ပါသည်။ တစ်မှုနှင့်တစ်မှု အကြောင်းခြင်းရာချင်းမတူ သဖြင့်စီရင်ထုံးကို လိုက်နာရန်မလိုလျှင်မူ ခြားနားပြသည် (distinguished) ဟူ၍ ဖော်ပြမည်ဖြစ်ပါသည်။ စီရင်ထုံး ကို မည်သို့အကျိုးရှိအောင်သုံးစွဲရမည်ဆိုခြင်းမှာ Wisdom နှင့်ဆိုင်ပါသည်။ "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေး။"

**ဆားမပါသော ဟင်းလျာနှင့် ဆားခတ်လွန်ကဲသော ဟင်းလျာပမာ**
ကျွန်တော်သည် ၁၉၉၆ ခုနှစ်တွင် "မြန်မာနိုင်ငံ တရားစီရင်ထုံးများ ပေါင်းချုပ် (ပြစ်မှု) ၁၉၇၃ ခုနှစ်-၁၉၉၃ ခုနှစ် " စာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် စီရင်ထုံးများကို ကိုးကားခြင်းနှင့်စပ်လျဉ်း၍ "စေတနာ" ဟု ခေါင်းစီးတပ်ကာ ဤသို့ရေးသားခဲ့ဖူးသည်။

"ဥပဒေတစ်ခုကို ရုပ်သိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို ပြုလုပ်ခြင်းအားဖြင့် ယင်းသို့ရုပ်သိမ်းခြင်းခံရသောဥပဒေ သို့မဟုတ် ပြင်ဆင်ခြင်းခံရသော ပုဒ်မများသည် ပျက်ပြယ် သွားပြီးဖြစ်သော်လည်း ထိုဥပဒေ၊ ထိုပုဒ်မများအရ စွဲဆို၍ ပေါ်ပေါက်ခဲ့သော မှုခင်းဖြစ်ရပ်များတွင် စီရင်ဆုံးဖြတ် ထားခဲ့သည့် စီရင်ထုံးများပါ လမ်းညွှန်ဆုံးဖြတ်ချက်၊ မူသဘောထားများ၊ အနှစ်သာရများသည်ကား ပျက်ပြယ် သွားခြင်းမရှိပေ။ ယင်းစီရင်ထုံးများကို ကိုးကားတင်ပြရန် လိုအပ်သည့်အခါများတွင် မိမိတို့နှင့်သက်ဆိုင်ဆီလျော်မှု ရှိသည်တို့ကို ထုတ်နုတ်ယူငင် သုံးစွဲတင်ပြလျှောက်လဲနိုင် သည်ဖြစ်ရာ စီရင်ထုံးဟူသမျှသည်ကား ပျက်ပြယ်သွားခြင်း မရှိ။ အမြဲထာဝရသစ်လွင်ရှင်သန်လျက်ရှိနေမည် ဖြစ်ပါ သည်။"

"အမှုအခင်းများကို မှန်မှန်ကန်ကန် အဆုံးအဖြတ်ပြု စေရာ၌ ထိုထိုသော စီရင်ထုံးများကို ကိုးကား၍ တင်ပြ လျှောက်လဲမှုပြုသင့်ပါလျက် တင်ပြလျှောက်လဲမှု မပြုခဲ့ပါ လျှင် ဆားမပါသော ဟင်းလျာကိုစားရဘိသကဲ့သို့ ပေါ့ ပြက်ပြက်ဖြစ်တတ်ပါ၏။ ထိုနည်းနှယ် စီရင်ထုံးများကို ကိုးကားတင်ပြလျှောက်လဲရန် မလိုအပ်ပါဘဲ တင်ပြ လျှောက်လဲခဲ့လျှင် သို့မဟုတ် ဆီလျော်သက်ဆိုင်မှုမရှိ သည့် စီရင်ထုံးများကို ကိုးကား၍ တင်ပြလျှောက်လဲခဲ့ပါလျှင် ဆားခတ်လွန်ကဲသော ဟင်းလျာကို စားရဘိသကဲ့သို့ အငန် လွှမ်းပြီး အရသာလျော့ပါးခြင်းဖြစ်တတ်ပါ၏။ ထို့ကြောင့် "တော်၍" အောင်မြင်ကျော်ကြားသော ဥပဒေပညာရှင် ကောင်းတစ်ဦးဖြစ်လိုသူများအတွက် အမှန်တကယ်ပင် စီရင်ထုံးများကို အမြဲထာဝရ အဆက်မပြတ် လေ့လာ ဆည်းပူးရန် လိုအပ်ပါသည်။

**တိုက်တွန်းပါရစေ**
စီရင်ထုံးများကို များများဖတ်ဖို့ များများလေ့လာကြဖို့ တိုက်တွန်းပါရစေ။ စီရင်ထုံးများကို ဖတ်ရှုလေ့လာခြင်း အားဖြင့် အတွေးအခေါ် ဗဟုသုတအသိပညာတွေ များစွာရရှိလိမ့်မည်ဟု ယုံကြည်သည်။ တစ်ခုတော့ အသိ ပေးလိုသည်။ စီရင်ထုံးနောက်ကို ကိုယ်ကလိုက်ပါမသွားမိ ပါစေနှင့်။ စီရင်ထုံးကကိုယ့်ကို လွှမ်းမိုးသွားတာမျိုး မဖြစ်ပါ စေနှင့်။ စီရင်ထုံးကို ဖတ်ရှုလေ့လာသည့်အခါတိုင်း သက် ဆိုင်ရာဥပဒေပုဒ်မနှင့်သက်ဆိုင်သမျှ ပြဋ္ဌာန်းချက်ကိုလည်း ယှဉ်တွဲပြီးဖတ်ရှုဖို့ မမေ့ပါနှင့်။ ဥပဒေပုဒ်မပါ ပြဋ္ဌာန်း ချက်နှင့် စီရင်ထုံးပါ သုံးသပ်ချက် အံဝင်ခွင်ကျဖြစ်၊ မဖြစ်၊ ဆီလျော်သက်ဆိုင်မှု ရှိ၊ မရှိ၊ သက်သေထွက်ဆိုချက်များနှင့် လိုက်လျောညီထွေ ဟပ်စပ်မှု ရှိ၊ မရှိ။ ဘာကြောင့် ဤသို့ သုံးသပ်ရသနည်း။ ဘာကြောင့် ဤသို့ညွှန်ပြရသနည်း။ ဘာကြောင့်ဤသို့ မူချရသနည်း။ ကိုယ်ပိုင်အသိပညာ၊ အတွေ့အကြုံများဖြင့် ဆန်းစစ်ရမည်။ သုံးသပ်ရမည်။ စီရင်ထုံးများကို များများဖတ်ရှုလေ့လာခြင်းအားဖြင့် ဥပဒေ ပုဒ်မပါ ပြဋ္ဌာန်းချက်များကို ပိုင်ပိုင်နိုင်နိုင်သိရှိလာမည်။ အဓိပ္ပာယ်ကောက်ယူမှု၊ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေ ကျွမ်းကျင် တတ်မြောက်လာမည်။ စီရင်ထုံးများကို ကောင်းစွာအသုံးချ လာနိုင်မည်။ "တော်၍" အောင်မြင်ကျော်ကြားသော ဥပဒေပညာရှင်ကောင်း တစ်ယောက်ဖြစ်လာမည်မှာ မလွဲ ဧကန်ပင်။

စီရင်ထုံးများကို သုံးစွဲရာ၌ ဘေးအဖြစ် အသုံးမပြု မိကြပါစေနှင့်။

ဆေးအဖြစ်သာ သုံးစွဲနိုင်ကြပါစေ။

စီရင်ထုံးများကို သုံးစွဲခြင်းဖြင့် မှန်ကန်သော တရား စီရင်ရေး အထောက်အကူဖြစ်ပါစေ။ ။

# မသန်စွမ်းသူများကို သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအသီးသီးတွင် ထည့်သွင်းစဉ်းစားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုလာနိုင်

**နိုင်လင်းကြည်၊ ကိုမင်း**

ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂက သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံသည်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ၁၉၉၄ ခုနှစ်က စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားသည် မြန်မာနိုင်ငံအတွက် (၂၃) ကြိမ်မြောက်ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ မသန်စွမ်းသူများနေ့စဉ်ကြုံတွေ့နေရသည့်လူမှုဘဝ၊ ရှေ့ဆက်ဘဝလျှောက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတချို့ကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက မသန်စွမ်းမှုဆိုင်ရာအယူအဆများနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် မသန်စွမ်းသူများ အကျိုးဝင်လာစေရေးတို့နှင့် ပတ်သက်၍"တကယ်တော့ မသန်စွမ်းမှုဆိုတာ အတိတ်ကံမကောင်းလို့ မသန်စွမ်းဖြစ်တယ်လို့ ယူဆခဲ့ကြတယ်။ မသန်စွမ်းသူဆိုပြီး ခွဲခြားဆက်ဆံခဲ့ကြတယ်။ ခေတ်စနစ်တွေပြောင်းလာတဲ့အခါမှာ မသန်စွမ်းသူတွေမှာ စွမ်းဆောင်ရည်ရှိကြတယ်။ လူ့အခွင့်အရေးအရ မွေးကတည်းက ဂုဏ်သိက္ခာရှိတယ်။ သိက္ခာရှိစွာနဲ့ လူ့အသိုင်းအဝိုင်းထဲမှာ ရပ်တည်ခွင့်ရှိတယ်ဆိုတဲ့ ပြောင်းလဲလာတဲ့ အတွေးအခေါ်တွေကြောင့် မသန်စွမ်းသူတွေလူ့အသိုင်းအဝိုင်းထဲပါဝင်ခွင့်ရရှိဖို့ကို နည်းအမျိုးမျိုးနဲ့ ကြိုးစားလာကြပါတယ်။

ဝှီးချဲတပ်သွားနေရတဲ့ သူတစ်ယောက်အတွက် အိမ်ထဲမှာပဲနေရမယ်လို့ ကန့်သတ်ထားမယ့်အစား နေရာတိုင်းမှာ ဝှီးချဲနဲ့သွားလို့ရမယ်ဆိုရင် အများတန်းတူဖြစ်လာမှာပါ။ အဲဒါကြောင့်အားလုံးနဲ့ အဆင်ပြေမယ့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မယ်ဆိုရင် အားလုံးအတွက် အကျိုးဝင်တဲ့ လူ့အသိုင်းအဝိုင်းတစ်ခုဖြစ်လာမှာပါ။ အခုဆိုရင်လည်း မသန်စွမ်းသူတွေဟာ လူ့အသိုင်းအဝိုင်းထဲမှာ လူ့အခွင့်အရေးအရ နေထိုင်ခွင့်ရှိတဲ့သူတွေဖြစ်လို့ လိုအပ်တဲ့အခွင့်အရေးတွေသာ ရအောင် ဆောင်ရွက်ပေးမယ်ဆိုရင် လောကကြီးကို အလှဆင်နိုင်တဲ့သူတွေဆိုပြီးတော့ အမြင်တွေပြောင်းလဲလာခဲ့ပါတယ်။ သူတို့ကို လျှော့ပါးနေမယ့်အစား သူတို့ကို ပညာသင်ကြားခွင့်တွေ၊ အလုပ်လုပ်ကိုင်ခွင့်တွေရပြီး လူ့အသိုင်းအဝိုင်းထဲမှာ နေထိုင်ခွင့်တွေရမယ်ဆိုရင် သီးခြား ဆောင်ရွက်ပေးစရာမလိုဘဲ အများနဲ့တန်းတူရှိလာနိုင်တဲ့အခြေအနေဖြစ်လာမှာဖြစ်ပါတယ်။"ဟု ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ မသန်စွမ်းလူဦးရေ ၂ ဒသမ ၃ သန်းကျော်ရှိပြီး နေ့စဉ်လူနေမှုဘဝမှာ အခက်အခဲတွေများစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်။ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေ အများကြီးပေါ်ထွန်းလာခဲ့ပေမယ့်လည်း ကျွန်တော်တို့ မသန်စွမ်းတဲ့သူတွေဟာ ခေတ်အဆက်ဆက်ဖွံ့ဖြိုးခြင်းရဲ့ နောက်ကွယ်မှာ ကျန်ခဲ့တဲ့နည်းတူ အခုထပ်ပြီးတော့ ကျန်နေဆဲဖြစ်ပါတယ်။ လူတစ်ယောက်မွေးစက၊ အသက်ရှင်စကနေပြီးတော့ သေဆုံးတဲ့အချိန်အထိ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ အများကြီးရှိပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ မသန်စွမ်းတဲ့သူတွေမှာလည်း အဲဒီအခွင့်အရေးတွေရဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ မသန်စွမ်းတဲ့သူတွေရဲ့ အခွင့်အရေးကိုကာကွယ်ပေးတဲ့ ကုလသမဂ္ဂကွန်ဗင်းရှင်းစာချုပ်ရှိပါတယ်။ ဒီအပြင် မသန်စွမ်းတဲ့သူတွေရဲ့ အခွင့်အရေးကိုကာကွယ်ပေးတဲ့ ဥပဒေတွေရှိပါတယ်။ ဒီနေ့ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ကမ္ဘာလုံးဆိုင်ရာပန်းတိုင် (၁၇)ရပ်မှာ မသန်စွမ်းတဲ့သူတွေကိုလည်း ကူညီဆောင်ရွက်ပေးဖို့ တိုက်တွန်းထားတာတွေလည်း ပါဝင်ပါတယ်။ မသန်စွမ်းတစ်ယောက်မွေးမယ်လို့ ကြိုသိတယ်။ ဗိုက်ထဲက ကိုယ်ဝန်ကိုဖြုတ်ချချင်တယ်။ ဒါသည် မွေးရာပါ အသက်ရှင်သန်ခွင့်ကို ဆုံးရှုံးစေပါတယ်။ ကလေးတစ်ယောက်ရဲ့ ပညာသင်ကြားခွင့် အခွင့်အရေးတွေ၊ အလုပ်လုပ်ကိုင်ခွင့်၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ နယ်ပယ်အရပ်ရပ်မှာ ပါဝင်ဆောင်ရွက်ခွင့်တွေ အများကြီးထပ်ပြီးတော့ ဆုံးရှုံးစေပါတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၏ စီအီးအိုဖြစ်သူ ဦးနေလင်းစိုးက ပြောသည်။

ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်၏ ဥပဒေ ၂၄ တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်၏ ပန်းတိုင် ၁၇ ချက်ပါရှိပြီး ပညာရေးသည်လည်း ပန်းတိုင်တစ်ခုအနေဖြင့် ပါဝင်လျက်ရှိသည်။

"ပညာသင်ကြားခွင့်ဆိုရင်လည်း လူတစ်ယောက်ဖြစ်လာပြီဆိုရင် မသန်စွမ်းတဲ့သူတွေ ပညာသင်ကြားခွင့်ရကို ရရမယ်။ ဒါကလည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းမှာလည်း ဒါကို မဖြစ်မနေလုပ်ဖို့လည်း ပြောထားပြီးသားဖြစ်ပါတယ်။ သို့သော်လည်း လက်တွေ့ဘဝမှာ ကျွန်တော်တို့ မသန်စွမ်းတဲ့သူတွေဟာ ကျောင်းသွားအပ်တဲ့အခါမှာ ကျောင်းဝင်ခွင့်ငြင်းပယ်ခံခဲ့ရတဲ့ အခြေအနေတွေ ကြုံတွေ့နေရပါတယ်။ စာသင်ကျောင်းထဲရောက်သွားတဲ့အခါမှာ ဝှီးချဲနဲ့ ကျောင်းပရိဝုဏ်အတွင်းမှာ လျှောက်သွားလို့မရဘူး။ လှေကား အတက်အဆင်းတွေအတွက် အခက်အခဲရှိတယ်။ကျွန်တော်တို့အတွက် အဆောက်အအုံဒီဇိုင်းတွေက ထည့်သွင်း စဉ်းစားတည်ဆောက်ပေးထားခြင်းမရှိသေးပါဘူး။ မျက်စိမမြင်တဲ့သူတွေ၊ နားမကြားတဲ့သူတွေအတွက်လည်း သင်ထောက်ကူပစ္စည်းတွေ လုံလောက်တဲ့ ကျောင်းရဲ့ပံ့ပိုးမှုတွေ မရဘူး။ ထိုနည်းတူ ဉာဏ်ရည်မသန်စွမ်းတဲ့ သူတွေနဲ့ပတ်သက်တဲ့ အခြေခံလိုအပ်ချက်တွေလည်းမရဘူး။ ဒါကြောင့် ကျွန်တော်တို့ ပညာသင်ကြားခွင့်တွေ ထပ်ပြီးတော့ဆုံးရှုံးရတယ်"ဟု ဦးနေလင်းစိုးကဆိုသည်။

၂၀၁၀ ခုနှစ်အတွင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စစ်တမ်းကောက်ယူခဲ့ရာတွင် မသန်စွမ်းကလေး ထက်ဝက်ကျော် ၅၃ ရာခိုင်နှုန်းသည် ကျောင်းတက်ခွင့်လုံးဝမရသေးကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ကောက်ယူခဲ့သည့် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ဆာဗေးတစ်ခုတွင်မူ မသန်စွမ်းကလေးငယ် ၆၇ ရာခိုင်နှုန်းသည် ကျောင်းတက်ဖူးခြင်းလုံးဝမရှိသေးကြောင်းကို ထပ်မံတွေ့ရှိခဲ့သည်ဟု ဆိုသည်။ တက္ကသိုလ်မှ ဘွဲ့ရသည့် မသန်စွမ်းအရေအတွက်မှာ အယောက် ၁၀၀ လျှင် နှစ်ယောက်သာ ဘွဲ့ရရှိခဲ့ပြီး သန်စွမ်းသည့်ကလေးများနှင့် နှိုင်းယှဉ်ပါက မသန်စွမ်းများမှာ နောက်ကျကျန်နေခဲ့ကြောင်း သိရသည်။

"ပညာရေးဟာ လူတစ်ယောက် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ပညာတတ်ရင် ရှေ့ဆက်သွားမယ့် လူ့ဘဝခရီးမှာ အခွင့်အရေးတွေ အများကြီးရမယ်။ သို့သော် ပညာမတတ်တဲ့အခါမှာ အသက်မွေး ဝမ်းကျောင်းပညာ သင်ကြားမယ်ဆိုရင်လည်းကျွန်တော်တို့ဟာ လက်လှမ်းမမှီပါဘူး။ အဆင့်မြင့်တဲ့ ပညာရပ်တွေကို အသက်မွေးဝမ်းကျောင်းအတွက် သင်နိုင်ဖို့ဆိုရင် ကျွန်တော်တို့မှာ ပညာရေးက အတားအဆီးတစ်ခု ဖြစ်နေတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့နိုင်ငံရေးနယ်ပယ်မှာ ပါဝင်ဆောင်ရွက်မယ်ဆိုရင်လည်း ပညာမတတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ တောက်လျှောက်အခွင့်အရေးဆုံးရှုံးမယ်။ ဒါကြောင့် မသန်စွမ်းတဲ့သူတွေဟာ ပညာရေးအခွင့်အရေးတွေ ဆုံးရှုံးတာနဲ့ တခြားသောအခွင့်အရေးတွေ ဘယ်လောက်အထိဆက်ပြီးတော့ဆုံးရှုံးလဲဆိုတာတွေကို မှန်းဆကြည့်ရင်သိနိုင်ပါတယ်။ ဒါကြောင့် ပညာရေးဟာ အဓိကလိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မသန်စွမ်းသူအများစုရှိသည့် ကျေးလက်ဒေသများတွင် အဓိကအထိရောက်ဆုံးလုပ်ငန်းစဉ်တစ်ရပ်မှာ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ဖြစ်ပြီး ၁၉၈၀ ကာလကတည်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဦးစီးပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်တွင် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် လူမှုရေးစသည့် ကဏ္ဍငါးရပ်ပါဝင်ကြောင်း သိရသည်။ ယင်းလုပ်ငန်းစဉ်အပြင် မသန်စွမ်းသူများကို သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအသီးသီးတွင် ထည့်သွင်းစဉ်းစားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။


ဒေါ်ဌလင်းနော်(န်)ခါ


ဒေါ်ယုယုဆွေ


ဦးနေလင်းစိုး

